# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 17 October 2017 (၉၀၈၀)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာ ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့တို့ တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team - PPST) နှင့် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့

NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအတွက်ဟူသော ခံယူချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းတွင် တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလို။

NCA ပါ အကြောင်းအရာများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တပ်မတော်အနေဖြင့် အထူးလိုလား

စာမျက်နှာ » ၈

(၄၄)ကြိမ်မြောက် အာဆီယံ - ဂျပန်သင်္ဘောခရီးစဉ် မြန်မာကျောင်းသား ၂၈ ဦးလိုက်ပါမည်

စာမျက်နှာ » ၁၇

# ရခိုင်ပြည်နယ်၌ ပြည်ထောင်စုစီမံကိန်း အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံချက်စတင်

**စစ်တွေ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးများပါဝင်သော ပြည်ထောင်စုစီမံကိန်း (Union Enterprise For Humanitarian Assistance, Resettlement and Development in Rakhine - UEHRD) ကို အကောင်အထည်ဖော်ရေးရှေ့ပြေးစီမံချက် အကောင်အထည်ဖော်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် လောင်းဒုံ၊ ဘဒကား၊ ပန်းတောပြင် ကျေးရွာများသို့ သွားရောက်၍ လူသားချင်းစာနာမှုဆိုင်ရာအကူအညီအထောက်အပံ့များဖြစ်သည့် စားနပ်ရိက္ခာပစ္စည်းများ ပေးအပ်ခြင်း၊ ပြန်လည်နေရာချထားရေးအတွက် အိမ်ရာများ စတင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြောက်ပိုင်း မြိုတိုင်းရင်းသားများနေထိုင်ရာ လောင်းဒုံ(နတလ)ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံမြိုတိုင်းရင်းသားများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့




ကြေးမုံ

# ငြိမ်းချမ်းရေးပန်းတိုင်ကိုဆန္ဒပြု

နေပြည်တော်တွင် အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေကြရသော ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ထားရှိရမည့် စိတ်ဓာတ်၊ ခံယူချက်၊ စေတနာတရားတို့နှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က -

- လွတ်လပ်ရေးရစဉ်ကစပြီး တစ်ခါမှ အပြည့်အဝ ငြိမ်းချမ်းတယ်လို့ မရရှိခဲ့သေးတဲ့ ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွင်း တိုက်ပွဲတွေ၊ ပဋိပက္ခတွေ အမြန်ဆုံး လုံးဝရပ်စဲသွားရေးကို ဦးတည်ကြပါစို့။
- အပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မြဲစေမယ့် ယန္တရားတွေ ထက်မြက်ရှင်သန်အောင် လုပ်ကြပါစို့။
- ငြိမ်းချမ်းရေး အမှန်လိုလားတဲ့ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ နိုင်ငံရေးပြဿနာတွေကို ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဖြေရှင်းကြပါစို့။
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ကျွန်မတို့ခေတ်မှာ ဘယ်လောက်ချစ်မြတ်နိုး၊ တန်ဖိုးထားတယ်ဆိုတာကို နောင်လာနောက်သားတွေနဲ့ သမိုင်းက စစ်ဆေးဆုံးဖြတ်မှာကို လိပ်ပြာသန့်သန့်၊ သိက္ခာရှိရှိနဲ့ ရင်ဆိုင်ခံယူသွားနိုင်ဖို့ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟူ၍ အသိပေးနှိုးဆော်ထားသည်ကို ကြားသိခဲ့ရပါသည်။

ထိုကဲ့သို့ တိုက်တွန်းနှိုးဆော်ချက်များသည် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသည့် အနာဂတ်မျိုးဆက်သစ်ပြည်သူများ၊ အနာဂတ်တိုင်းရင်းသားလူငယ် မောင်မယ်များအပေါ် ထားရှိရမည့် စစ်မှန်သော စေတနာတရားများပင် ဖြစ်သည်။ ယနေ့ထားရှိလုပ်ဆောင်ရမည့် အရေးတို့မှာ မိမိတို့၏တစ်ဘဝအရေးထက် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအရေးကို ရှည်လျားစွာ မြော်တွေးလုပ်ဆောင်ကြဖို့ အသိပေးထားခြင်းဖြစ်သည်။ မိမိတို့အနေဖြင့် နောင်လာမည့်ကာလ၌ သခါရသဘောအရ ပျောက်ကွယ်ရမည်သာ ဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလ၏ ဆယ်စုနှစ်၊ ရာစုနှစ်အတွင်း မိမိတို့၏ မျိုးဆက်သစ်များအတွက် မိမိတို့အနေဖြင့် အကောင်းဆုံး နိုင်ငံတော်၊ အကောင်းဆုံး ပြည်ထောင်စုမျိုးဖန်တီးပေးနိုင်မှသာ မိမိတို့အတွက် မေ့ပျောက်မရနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ပေလိမ့်မည်။

လက်ရှိတွင် လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခြင်းများကြောင့် ကမ္ဘာ့နိုင်ငံများနောက်ရောက်နေရသည့်အပြင် နိုင်ငံကြီးများ၏ အထင်သေးအမြင်သေးခြင်းခံနေရသည်မှာ လက်တွေ့ပင်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး သင့်မြတ်မှုမရှိသောကြောင့် ဒုက္ခပင်လယ်ဝေရမည့် မြေဇာပင်ပြည်သူများအဖြစ် ထားရစ်ခဲ့မည်လော၊ မိမိတို့စိုက်ခဲ့သည့် ငြိမ်းချမ်းရေးအသီးအပွင့်များကို မြိန်မြိန်ယှက်ယှက် ခံယူစားသုံးနိုင်ကြသည့် ပြည်သူများအဖြစ် ထားရစ်ခဲ့မည်လောဟူသော မေးခွန်းနှစ်ခုကို မိမိတို့အလေးအနက်စဉ်းစားသုံးသပ်ဆုံးဖြတ်ကြရမည် ဖြစ်သည်။

ထို့ကြောင့် အနာဂတ်တိုင်းရင်းသားပြည်သူများအရေးကို မြော်တွေးကာ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် မွန်မြတ်သော စေတနာဖြင့် ပါဝင်ကြဖို့လိုအပ်မည်ဖြစ်သည်။ မည်မျှပင်ကွဲပြားခြားနားသော်လည်း အနာဂတ်နိုင်ငံသမိုင်းသစ်ရေးထိုးနိုင်ရေး၊ အနာဂတ်တိုင်းရင်းသားပြည်သူများ အေးချမ်းသာယာစွာဖြင့် အရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နေထိုင်နိုင်ရေးဟူသော ဘုံရည်မှန်းချက်ထားကာ လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။

သို့ဖြစ်ရာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး အနာဂတ်တိုင်းရင်းသားပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး ထားရစ်ခဲ့နိုင်ရေးအတွက် လိပ်ပြာသန့်သန့်၊ သိက္ခာရှိရှိဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတွင် ကမ္ပည်းမော်ကွန်းရေးထိုးကျန်ရစ်နိုင်ပါစေဟု မွန်မြတ်သော စေတနာများဖြင့် ဝိုင်းဝန်းဆန္ဒပြုစေချင်ပါသည်။ ။

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့ သွားရောက်ကြည့်ရှု လိုအပ်သည်များအကြံပြုဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာ သိန်းဦး ဘိုးစော ဦးစီးသည့်ပညာရှင်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရုံးချုပ်အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အမှုဆောင် အရာရှိချုပ် ဦးထွန်းကြွယ် တို့နှင့်တွေ့ဆုံသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဖြစ်ပေါ်လာပုံ အဆင့်ဆင့်၊ လက်ရှိဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာနှင့် ရန်ကုန်မြို့အား ဓာတ်အားဖြန့်ဖြူးရေးဆောင်ရွက်နေမှု အခြေအနေများ၊ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ အထိ ဆက်လက်ဆောင်ရွက်မည့် လျာထားလုပ်ငန်းများအား အသေးစိတ်ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့က သိရှိလိုသည့် အချက်များအား မေးမြန်း၍ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့သည် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် အလုံ ပင်မဓာတ်အားခွဲရုံတို့အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဆရာကြီးဦးအောင်သင်း ကွယ်လွန်ခြင်းသုံးနှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

**မကွေး အောက်တိုဘာ ၁၆**


စာပေလူကြမ်းမင်းသားကြီးဟု တင်စားခေါ်ဝေါ်၍ အများပြည်သူလေးစားကြသည့် စာရေးဆရာကြီး ဦးအောင်သင်း ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဇာတိဖြစ်သော တောင်တွင်းကြီးမြို့၌ စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ကြောင်း လောကအလင်း စာကြည့်တိုက် တာဝန်ရှိသူများထံမှ သိရသည်။

ဆရာဦးအောင်သင်းသည် အသက် (၈၈)နှစ်အရွယ် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီကျော်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မဝတီလမ်း နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဆရာ ဦးအောင်သင်းသည် မကွယ်လွန်မီက စာအုပ် ၅၀ နီးပါး ရေးသားခဲ့သည်။ စာပေလူကြမ်း မင်းသားအောင်သင်း၊ သူတို့နှင့်ကျွန်တော်၊ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ ကံ့ကူလက်လှည့်၊ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ စသဖြင့် စာအုပ်များစွာတို့သည် ထင်ရှားပြီး ၂၀၁၂ ခုနှစ် တွင် နိုင်ငံတော်ကချီးမြှင့်သည့် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သည့် စာပေလောက၏ ကြယ် တစ်ပွင့် ဖြစ်သည်။

ယင်း စာပေဟောပြောပွဲတွင် မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် သရဝဏ်(ပြည်)တို့က အောက်တိုဘာ ၂၄ ရက် ည ၇ နာရီတွင် တောင်တွင်းကြီးမြို့ မြို့နယ်ခန်းမ၌ ဟောပြောကြမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်နားထောင်နိုင်ကြောင်း သိရသည်။

**(ဟံသာလင်း)**




## ငှက်ဖျားရောဂါကင်းဝေးရေး သင်တန်းဖွင့်လှစ်

**ကျောက်ကြီး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံသစ် အဆောင်ခန်းမ၌ အောက်တိုဘာ ၁၆ ရက်က မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ လွင်ဌေး ဦးဆောင်ပြီး ငှက်ဖျားရောဂါကင်းဝေးရေးသင်တန်းကို ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၆၀ အား ပြန်လည်သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ပို့ချမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ငှက်ဖျားဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းဖြိုးသန်းနှင့် လက်ထောက်ငှက်ဖျားမှူး ဦးမြစိုးကြွယ်တို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀ မန္တလေး(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၀/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၉. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၀၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၉၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃. ၁၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၅၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၆. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၈၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၃. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်နှင့် UNAIDS Myanmar ၏ ဌာနေကိုယ်စားလှယ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန်အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ UNAIDS Myanmar၏ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Mr.Oussama Tawil က ၎င်း၏ခန့်အပ်လွှာကို ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန် ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီတွေ့ဆုံသည်။

ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပိုမိုပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ ရှာဖွေရန်နှင့် အစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့်တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ UNAIDS Myanmar ၏ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Mr.Oussama Tawil က ၎င်း၏ခန့်အပ်လွှာကိုပေးအပ်ပြီး ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအပါအဝင် ကျန်းမာရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် UNAIDS တို့အကြား လက်ရှိနှင့်အနာဂတ်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

## ❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

တွေ့ဆုံပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား PPST အဖွဲ့ခေါင်းဆောင် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်း ပူးတွဲဆောင်ရွက်ရေး၊ UPDJC အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး၊ JMC ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်များ၏ သဘောထားကို ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်နာယက ခွန်ဥက္ကာက တင်ပြရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် နိုင်ငံတော်အစိုးရ၏ ကြေညာချက်ကိုထောက်ခံကြောင်း၊ နိုင်ငံတကာက စွပ်စွဲပြောကြားနေမှုများနှင့် ပတ်သက်၍ အစိုးရ၊ တပ်မတော်တို့နှင့် တစ်သားတည်းဖြစ်ပါကြောင်း၊ ယခင်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တပ်ပေါင်းစုတွင် ပါဝင်ရန် အဆိုပြုကြိုးပမ်းမှုများ ရှိခဲ့သော်လည်း တိုင်းရင်းသားလူမျိုးမဟုတ်ဟု ပယ်ချခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား PPST အဖွဲ့ခေါင်းဆောင် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးလိုအပ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ယခုအဆင့်အထိ လျှောက်လှမ်းလာခဲ့ရာတွင် လမ်းစပေါ်လာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး အပြန်အလှန်နားလည်မှု၊ စိတ်ရှည်မှုများဖြင့် ပန်းတိုင်ကို သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးသဘောတူညီချက်များရရှိ၍ ကျေနပ်အားရကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအား ထောက်ခံမှု၊ ဝန်းရံမှုများ ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် စည်းလုံးညီညွတ်ရန် များစွာလိုအပ်ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အင်အားချိန်ခွင်လျှာများ ပြောင်းလဲလျက်ရှိကြောင်း၊ နိုင်ငံစည်းလုံးမှုမရှိလျှင် အနိုင်ကျင့်ခြင်းများ၊ ဖိအားပေးခြင်းများ ခံရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်မှာ နောင်လာနောက်သားများအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်ဖို့ ခိုင်မာဖို့ အထူးအရေးကြီးကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအတွက် ဟူသောခံယူချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD) တွင် တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) ဥက္ကဋ္ဌ ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ်၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ ချင်းအမျိုးသားတပ်ဦး(CNF) မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) [KNU/KNLA (PC)] ဗဟိုကော်မတီဝင် နော်ကပေါ်ထူး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(KKO) ဥက္ကဋ္ဌ စောမိုရှေးနှင့် PPWT အဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကို တန်ပြန်နိုင်ရန် အမေရိကန်နှင့် တောင်ကိုရီးယားရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်

**ဆိုးလ် အောက်တိုဘာ ၁၆**

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူစမ်းသပ်မှုများနှင့် ဒုံးလက်နက် အစီအစဉ်များကို အကြောင်းပြု၍ တင်းမာမှုများဖြစ်ပေါ်နေစဉ် တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံရေတပ် တပ်ဖွဲ့များက ရက်သတ္တတစ်ပတ်ကြာမြင့်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ယနေ့တွင် စတင်လိုက်ကြောင်း၊ တောင်ကိုရီးယားနှင့် အမေရိကန် ရေတပ်တပ်ဖွဲ့တို့မှ စစ်ရေယာဉ်များသည် ကိုရီးယားကျွန်းဆွယ်အနီးတစ်ဝိုက်ရှိ ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ကြမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းပင်လယ်ကမ်းရိုးတန်းများ၏ ကမ်းလွန်၌ ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများတွင် အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ရော်နယ်ရေဂင် ဦးဆောင်သည့် စစ်ရေယာဉ်များနှင့် တောင်ကိုရီးယားစစ်ရေယာဉ်များ ပူးပေါင်းအင်အား အစင်း ၄၀ ခန့် ပါဝင်မည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောသည်။




ရေတပ် တပ်ဖွဲ့များ၏ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ပွဲအကြိုဝတ်စုံပြည့်လေ့ကျင့်ပွဲဟု မြောက်ကိုရီးယားက ဝေဖန်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုမြင့်တက်လာမှုများအပေါ် သံတမန်ရေးနည်းလမ်းများဖြင့် ကြိုးပမ်းဖြေရှင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က မိမိအား ညွှန်ကြားထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ပထမဆုံး ဗုံးတစ်လုံးမကြဲချမီအချိန်အထိ သံတမန်ရေးအရ လုပ်ကိုင်သွားမည်ဟု အမေရိကန်သမ္မတက ပြောကြားကြောင်း နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က ပြောကြားသည်။

**ဆင်ဟွာ။**



# ပေါ်တူဂီ၌ အဆိုးရွားဆုံး တောမီးလောင်မှုဖြစ်ပွား သုံးဦးသေဆုံး၊ ၂၅ ဦးထက်မနည်း ဒဏ်ရာရ

**လစ္စဘွန်း အောက်တိုဘာ ၁၆**

ပေါ်တူဂီနိုင်ငံ၌ ယခုနှစ်၏ အဆိုးရွားဆုံးသော တောမီးလောင်မှုကို အောက်တိုဘာ ၁၅ ရက်က တွေ့ကြုံခဲ့ကြရကြောင်း၊ ယင်းနေ့တွင် တောမီးလောင်မှုကြောင့် သုံးဦးသေဆုံးခဲ့ရပြီး ၂၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ပေါ်တူဂီနိုင်ငံမြောက်ပိုင်း ကိုအင်ဘရာခရိုင် ပီနာကိုဗာဒေသ၌ တောမီးလောင်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ရသည်။ သေဆုံးသူနှစ်ဦးမှာ ဇနီးမောင်နှံနှစ်ဦးဖြစ်ပြီး ၎င်းတို့နေထိုင်ရာ တဲငယ်တစ်လုံးအတွင်း သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

နိုင်ငံမြောက်ပိုင်း၌ပင် တည်ရှိသော ကက်စတယ်လိုဘရန်ကိုခရိုင် ဆာတာဒေသ၌ တောမီးလောင်မှုကြောင့် တစ်ဦးသေဆုံးခဲ့ရပြီး သေဆုံးသူမှာ အကြားအာရုံချို့တဲ့နေသူဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

တောမီးလောင်မှုကြောင့် ဒဏ်ရာရသူ အများစုမှာ မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေး အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်စီယာဂရက်စပါက ပြောသည်။

တူရကီနိုင်ငံ၌ အောက်တိုဘာ ၁၅ ရက်သည် ယခုနှစ်အတွင်း တောမီးလောင်မှု အဆိုးရွားဆုံးနေ့ရက်ဖြစ်ကြောင်း၊ ယင်းနေ့တွင် နိုင်ငံတစ်ဝန်း နေရာပေါင်း ၄၄၃ နေရာတွင် တောမီးလောင်မှုရှိသည်ဟု မှတ်တမ်းတင်နိုင်ကြောင်း၊ ယနေ့နံနက် ၈ နာရီအထိ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

တောမီးလောင်မှုများကြောင့် ကားလမ်းများနှင့် ရထားလမ်း အများအပြားကို ပိတ်ထားလိုက်ရပြီး ကျေးရွာရာပေါင်းများစွာမှ ရွာသူရွာသားများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

**ဆင်ဟွာ။**

# အာဖဂန်ပြည်တွင်းစစ်ပွဲများကြောင့် ယခုနှစ်ပထမကိုးလတာအတွင်း အရပ်သားသေဆုံးသူ ၂၆၄၀ ရှိ

**ကဘူး အောက်တိုဘာ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော စစ်ပွဲများကြောင့် ၂၀၁၇ ခုနှစ် ပထမကိုးလတာကာလအတွင်း အရပ်သားသေဆုံးသူဦးရေ ၂၆၄၀ ခန့်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၅၃၇၉ ဦးရှိကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခု၏ အစီရင်ခံစာအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အရပ်သားသေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် ယခုနှစ်ပထမကိုးလတာကာလအတွင်း အမြင့်ဆုံးအနေအထားကို ရောက်ရှိလျက်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ကုလသမဂ္ဂကူညီထောက်ပံ့ပေးရေးအဖွဲ့က အစီရင်ခံစာထဲတွင် ရေးသားထားသည်။

သို့သော် ယမန်နှစ်၏ အရပ်သားသေဆုံးမှုနှုန်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်းတို့ကို ပေါင်းစပ်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ခြောက်ရာခိုင်နှုန်းလျော့ကျလျက်ရှိသည်ကို တွေ့ရှိရသည်။

အရပ်သား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများသည် အသေခံဗုံးဖောက်ခွဲမှု၊ အာဖဂန်အစိုးရတပ်ဖွဲ့များနှင့် စစ်သွေးကြွတို့အကြား အပြန်အလှန်တိုက်ခိုက်မှုများနှင့် လက်လုပ်ဗုံးပေါက်ကွဲမှုများကြောင့် ဖြစ်သည်။

တာလီဘန်နှင့် အခြားသောစစ်သွေးကြွအဖွဲ့တို့၏ တိုက်ခိုက်မှုများကြောင့် အရပ်သား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု ၆၄ ရာခိုင်နှုန်း၊ အာဖဂန်နစ္စတန်တပ်ဖွဲ့၏ လက်ချက်ကြောင့် ၂၀ ရာခိုင်နှုန်း၊ လုံခြုံရေးတပ်ဖွဲ့များနှင့် စစ်သွေးကြွအဖွဲ့တို့အကြား အပြန်အလှန်တိုက်ခိုက်မှုကြောင့် ၁၁ ရာခိုင်နှုန်းရှိပြီး အခြားသောအကြောင်းရင်းများကြောင့် ငါးရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ဂျပန်ရွေးကောက်ပွဲအကြို စကားစစ်ထိုးပွဲများ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးပါဝင်

**တိုကျို အောက်တိုဘာ ၁၆**

အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့် ဂျပန်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ၏ စကားစစ်ထိုးပွဲများတွင် အဓိကကျသည့် အကြောင်းရပ်တစ်ခုမှာ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ကျဆင်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၌ တောင်သူလယ်သမားများမှာ အစိုးရ၏ အမတော်ကြေးထောက်ပံ့ပေးမှုများအပေါ် မှီခိုအားထားနေရပြီး အမြတ်အစွန်းရရှိသည်အထိ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ အာရှကဲ့သို့သော ကမ္ဘာ့ဒေသများရှိ ဈေးကွက်သစ်များသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရက ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးဘက်မှ နိုင်ငံရေးပါတီများက ထောက်ခံပြောဆိုလျက်ရှိကြသော်လည်း နိုင်ငံရေးသမားအများအပြားမှာ မူဝါဒရေးရာအရ ကတိကဝတ်ပြုခြင်းသာလျှင်ရှိပြီး တိကျသောမူဝါဒများကို ရေးဆွဲထားခြင်း မရှိသေးပေ။

ဂျပန်နိုင်ငံ၌ လက်ရှိကျင့်သုံးနေသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ချိန်ညှိဆောင်ရွက်ရေးစနစ်ကို ၂၀၁၈ ခုနှစ်တွင် ဖျက်သိမ်းမည်ဆိုသည့်တိုင် လတ်တလောတွင် ကြီးမားသောအပြောင်းအလဲ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ကြောင်း အီဘာရာကီစီရင်စု ဆာကူရာဂါဝါမြို့မှ လယ်သမားတစ်ဦးက ပြောသည်။

**ကျိုဒို။**

# ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ ဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားအား ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ဘုရားကိုးဆူကုန်းတော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်မြို့ သာသနဝိပုလဓာတ်တော်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒ၊ တာချီလိတ်မြို့ မဟာမြတ်မုနိဘုရားကြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိက အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အန္တိမစျာပန တေဇောဓာတ်ဖြင့် မီးပူဇော်မည့်လောင်တိုက်တော်သို့ ဆရာတော်ကြီး၏ တပည့်သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ စျာပနကော်မတီဝင်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာများက ပင့်ဆောင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပံ့သကူသင်္ကန်းများအား ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က အန္တိမစျာပန တေဇောဓာတ်ဖြင့် စတင်မီးပူဇော်ပြီး ရောင်စုံမီးရှူးမီးပန်းများ လွှင့်တင်ပစ်ဖောက်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျွန်တော်တို့အင်အားနဲ့ တိုင်းပြည်အတွက် ကူညီဖို့အဆင်သင့်ပဲဖြစ်တယ်။ ဘယ်သူ ဘယ်လိုအခြေအနေပဲရောက်ရောက် ဒုက္ခရောက်လာရင်တော့ အမြဲတမ်းကူညီမှာပါ

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တည်ခင်းဧည့်ခံသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ညစာစားပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် ၎င်းတို့၏အမြင်များကို တွေ့ဆုံမေးမြန်းခဲ့သည်။**



**ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)**



**ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)**



**ဒေါက်တာအောင်ထွန်းသက် (စီးပွားရေးပညာရှင်)**



**ဦးဇော်မင်းဝင်း (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ)**



**ဒေါက်တာ စိုးဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီ)**

**ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)**

မငြိမ်းချမ်းတဲ့ဒေသတွေ၊ စစ်ဖြစ်တဲ့နေရာတွေမှာ စစ်ပြေးဒုက္ခသည်တွေ ဒုက္ခရောက်ကြတယ်ဆိုတာ ခေတ်အဆက်ဆက် ဖြစ်လာခဲ့တာပါ။ တစ်ဖက်နိုင်ငံကို ဒုက္ခသည်တွေရောက်နေကြတာ လူတိုင်းအသိပါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံကို တခြားနိုင်ငံက လာနေကြတဲ့လူတွေကို ဒုက္ခသည်တွေလို့မမြင်ဘဲနဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေလို့ မြင်နေတာကတော့ မကောင်းဘူးပေါ့။ လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ တစ်ဖက်နိုင်ငံကရောက်လာတဲ့ဒုက္ခသည်တွေကို ကူညီစောင့်ရှောက်ရတာ ရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အလုပ်မှာ ကိုယ်ကျရာတာဝန်ကို ပီပီပြင်ပြင်နဲ့ ကိုယ့်အတွက် ကောင်းအောင် လုပ်သလို အများအတွက်လည်း အကျိုးမယုတ်အောင်လုပ်ဖို့ လိုပါတယ်။ တရားဥပဒေစိုးမိုးမှုရှိရပါမယ်။ အဲဒါမှ တစ်ယောက်နဲ့တစ်ယောက် တရားဥပဒေအောက်မှာ မျှမျှတတနေလို့ရမှာပါ။ တရားဥပဒေကလည်း တရားတဲ့ဥပဒေဖြစ်ရမှာပေါ့။ လူတိုင်းငြိမ်းချမ်းဖို့ဆိုတာ ကိုယ့်အလုပ်ကို တာဝန်ကျေအောင်အရင်လုပ်ကြဖို့၊ သူများကို အပြစ်မတင်ကြဖို့ အရေးကြီးပါတယ်။

**ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)**

ငြိမ်းချမ်းရေးဆိုတာက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အားလုံးက ငြိမ်းချမ်းရေးပါ။ ငြိမ်းချမ်းရေးက အလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးမှ မရရင် ကျန်တာ ဘာမှလုပ်လို့မရပါဘူး။ နိုင်ငံက မငြိမ်းချမ်းတဲ့အတွက် သယံဇာတတွေ မထုတ်နိုင်ဘူး။ နယ်စပ်ကို မသွားနိုင်ဘူး။ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းက စီးပွားရေးပညာရှင်တွေ ကူညီဖို့လိုပါတယ်။ နိုင်ငံခြားကပဲ အထောက်အပံ့တွေ ရနေတယ်ဆိုပြီး ပြောပါတယ်။ အခုဆို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေ ကူညီတာ ၁၅ ဘီလီယံလောက်ရပြီထင်ပါတယ်။ အလုပ်လက်မဲ့ ပြဿနာကလည်း ငြိမ်းချမ်းရေးပေါ်မှာပဲ မူတည်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စီးပွားရေးသမားတွေကလည်း နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် ဘယ်ကဏ္ဍကမဆို လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအခမ်းအနားကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးက လိုချင်ကြပါတယ်။ လက်နက်မကိုင်ဘဲနဲ့ တောထဲမှာ ပုန်းအောင်းနေကြရတဲ့ ဒုက္ခသည်တွေက ငြိမ်းချမ်းရေးကို ပိုလိုချင်ကြတယ်။ မငြိမ်းချမ်းတဲ့နေရာတွေမှာ နေတဲ့သူတွေရဲ့ဒုက္ခက အလွန်ကြီးမားပါတယ်။ ငြိမ်းချမ်းတဲ့နေရာမှာ နေနေတဲ့သူတွေက ဒီဒုက္ခကို မသိနိုင်ပါဘူး။

**ဒေါက်တာအောင်ထွန်းသက် (စီးပွားရေးပညာရှင်)**

ဒီကနေ့မိန့်ခွန်းထဲမှာ တော်တော်လေး ပြည့်ပြည့်စုံစုံပါတယ်။ ဒီဖြစ်နေတဲ့ အခြေအနေတစ်ခုကို ပြန်လည်တည်ဆောက်ဖို့လိုတယ်။ အဓိကကတော့ သုံးပိုင်းပေါ့။ လူမှုရေးစာနာထောက်ထားမှု ကိစ္စရယ်၊ ပြန်လည်ထူထောင်ရေးရယ်၊ အဓိကက ဖွံ့ဖြိုးရေးပဲ။ ကာလတိုမှာတော့ လူသားချင်းစာနာမှုတို့၊ ပြန်လည်ထူထောင်ရေးတို့ ပြောသွားတယ်ဆိုပေမယ့် ရေရှည်မှာတော့ ဖွံ့ဖြိုးမှုက အရေးကြီးတယ်။ ထူးခြားချက်ကတော့ ပဋိပက္ခဖြစ်နေတဲ့ဒေသတွေမှာ တကယ်တမ်းတော့ ပထဝီအနေအထားအရ အင်မတန်မှ အခြေအနေကောင်းတယ်။ စိုက်ပျိုးရေးလည်း ကောင်းတယ်၊ မွေးမြူရေးလည်းရှိတယ်။ ကာလတိုစဉ်းစားပြီးတော့ ကာလရှည်မှာ ကိုယ့်နိုင်ငံရဲ့ တိုးတက်မှုအတွက်ကို လုပ်ကြရမှာပါ။ စီးပွားရေးလုပ်တတ်တဲ့ လုပ်ငန်းရှင်တွေနဲ့စုစည်းဖို့လိုတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ရုံတင် မရသေးဘူး။ နိုင်ငံတော် အစိုးရရယ်၊ ပုဂ္ဂလိကကဏ္ဍရယ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းရယ် ဒီလို သုံးယောက်ပေါင်းလိုက်ရင်တော့ ကိုယ်လိုချင်တဲ့ပုံတူရနိုင်တယ်လို့ အောက်မေ့တယ်။ ရေရှည်မှာ အရေးကြီးဆုံးကတော့ စီးပွားရေးတိုးတက်ဖို့လိုတယ်။ စီးပွားရေးတင်မကပါဘူး လူမှုရေးတိုးတက်ဖို့လိုတယ်။ ပညာရေးကောင်းဖို့လိုတယ်။ ဒါတွေအတွက်ကို ဒီစီမံချက်လုပ်နေတယ်ဆိုတော့ ဆရာတို့က ကြိုဆိုရတာပဲ။

ငွေကြေးလို့ ပြောတဲ့အခါမှာ အမြဲတမ်းပြောလေ့ရှိတဲ့ ငွေရေးကြေးရေး အရေးကြီးသလားဆိုတာ တကယ်တမ်းတော့ ငွေရေးကြေးရေး အရေးမကြီးဘူးလို့ ပြောပေမယ့် လည်းပဲ ငွေရေးကြေးရေးတစ်ခုတည်းတင်မဟုတ်ဘူး နည်းပညာပိုင်းလည်းလိုတယ်။ တကယ်တမ်းတော့ လုပ်ချင်တဲ့စိတ်ရှိရင်တော့ ဒီလောက်ကြီး မခက်ခဲဘူးလို့ထင်တယ်။ အရေးကြီးတာက ငွေရေးကြေးရေး ဘယ်ကရနိုင်မလဲလို့မေးရင် နိုင်ငံတော်က သူတတ်နိုင်တဲ့ ဘတ်ဂျက်အသုံးစရိတ်ကလည်းရနိုင်တယ်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကလည်းရနိုင်တယ်။ ပြီးတော့မှ နိုင်ငံတကာ အကူအညီပေါ့။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာက ဒီရခိုင်ဒေသကို စိတ်ဝင်စားနေတာမို့ ဒါကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် လုပ်ဖို့လိုတယ်။

**ဦးဇော်မင်းဝင်း (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ)**

ရခိုင်ဒေသ အထူးသဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်တို့မှာ အခုဖြစ်နေတဲ့ ထိခိုက်မှုတွေအပေါ်မှာ စက်မှုအသင်းချုပ်အနေနဲ့ လူသားချင်းစာနာတဲ့ ကိစ္စတွေမှာရော စီးပွားရေး ပြန်လည်နာလန်ထဖို့အတွက်၊ ပြန်ပြီးကောင်းမွန်လာရေးအတွက်ကို ဆောင်ရွက်ဖို့ အကူအညီတွေ အများကြီးရှိပါတယ်။ အဓိကကတော့ လက်ရှိအဲဒီဒေသမှာ စီးပွားရေး ဘယ်လိုပြန်လည်ထူထောင်ကြမလဲ။ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိဖို့အတွက် ဝိုင်းလုပ်ပေးဖို့ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးခန်းတွေ၊ ဆေးရုံတွေ ဆောက်မယ်လို့ ကြားတယ်။ ဒါတွေလည်း ရှိသင့်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့လည်း ကျောင်းတွေဆောက်ဖို့ကိစ္စတွေလည်းရှိတယ် ပြောတယ်။ ဒါကတော့ လုပ်ငန်းရှင်ကြီးတွေချည်း လုပ်လို့မရဘူး။ နိုင်ငံတော်က ဦးဆောင်မှု၊ လမ်းညွှန်မှုနဲ့ ကျွန်တော်တို့က အဲဒီဒေသမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ပဲရှိပါတယ်။ လမ်းညွှန်မှုခံယူပြီး ကျွန်တော်တို့ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့လည်း စီစဉ်နေပါတယ်။ ကျွန်တော်တို့လည်း လမ်းညွှန်မှုကို စောင့်နေတယ်။ ကျွန်တော်တို့နဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တစ်ကြိမ်တွေ့ပြီးသွားပြီ။ ကိုယ့်နိုင်ငံအတွက် အမျိုးသားရေးအနေနဲ့ဆောင်ရွက်ဖို့လုပ်သင့်တယ်လို့ အားလုံးခံယူထားတဲ့အတွက် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်သွားမှာပါ။

**ဒေါက်တာ စိုးဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီ)**

ငြိမ်းချမ်းရေးမရှိရင် စီးပွားရေးလည်း လုပ်လို့မရဘူး။ စီးပွားရေးမရှိပြန်တော့လည်း ငြိမ်းချမ်းမှုမရရှိနိုင်ဘူး။ ဒီနှစ်ခုဟာ ဆက်စပ်တယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာမလိုပါဘူး။ ကျွန်တော်တို့တိုင်းပြည်မှာ အဘက်ဘက်က အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ကြုံတွေ့ရတာပါပဲ။ ကျွန်တော်တို့တိုင်းပြည်အနေနဲ့ ကြုံတွေ့သလိုပဲ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ဒီနေ့ဒီအချိန်အခါ အပြောင်းအလဲကာလမှာ အခက်အခဲကြုံတွေ့ရမြဲပါပဲ။ ဒါကို ကျော်လွှားဖို့ ဘယ်လိုလုပ်မယ်ဆိုတာ စိတ်ကူးနေတာပါ။ အခက်အခဲတွေကြုံတွေ့ရပါတယ်။ ဆိုလိုတာက ရောဂါရှိရင် ဆေးရှိတယ်။ ရောဂါသိဖို့ပဲလိုတယ်။ ရောဂါကိုသိပြီးရင် ရောဂါကို တိတိကျကျ ဘယ်လိုကုမယ်ဆိုတဲ့ ကျွမ်းကျင်သူတွေရဲ့ အကူအညီနဲ့ နည်းလမ်းတွေ ဖော်ဆောင်ပေးရမယ်။ Policy တွေလုပ်ရမယ်။ နည်းဗျူဟာတွေ၊ မဟာဗျူဟာတွေချမှတ်ပေးရမယ်။ လောလောဆယ် စီးပွားရေးကောင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဒီနေရာမှာတော့ ပြည့်စုံအောင်ပြောနိုင်မှာမဟုတ်ပါဘူး။

ကျွန်တော်တို့အနေနဲ့က နိုင်ငံတော်လိုအပ်ချက်တိုင်းမှာ အရင်ကတည်းက စီးပွားရေးလုပ်ငန်းရှင်တွေက ဝိုင်းဝန်းကူညီကြစမြဲပါပဲ။ အရေးအကြောင်းပေါ်လာရင် မကူညီပဲနေလို့မရပါဘူး။ ကျွန်တော်တို့ တတ်နိုင်သမျှတော့ ကျွန်တော်တို့အင်အားနဲ့ တိုင်းပြည်အတွက် ကူညီဖို့အဆင်သင့်ပဲ ဖြစ်တယ်။ ဘယ်သူ ဘယ်လိုအခြေအနေပဲရောက်ရောက် ဒုက္ခရောက်လာရင်တော့ အမြဲတမ်းကူညီမှာပါ။ ။

**သတင်းစဉ်(သတင်းအဖွဲ့)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ . . .

သန်းဖြိုးနိုင် (ကညင်ကျိုး)

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်မှာ ပါတီစုံဒီမိုကရေစီစနစ် ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ပြောင်းလဲကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်နှင့်အညီ အခြားသောစီးပွားရေးစနစ်များ၊ ဥပဒေများနှင့် အုပ်ချုပ်ရေးကဏ္ဍအသီးသီးကိုပါ လိုက်ပါပြောင်းလဲခဲ့ရသည်။

ထိုသို့ ပြောင်းလဲခဲ့ကြရသည့်အထဲတွင် နိုင်ငံ့ဝန်ထမ်းအုပ်စုလည်း အပါအဝင်ဖြစ်သည်။ ထိုနိုင်ငံ့ဝန်ထမ်းများအတွက် ယခင်အစိုးရတက်လာခါစ ၂၀၁၂ ခုနှစ်တွင်ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးလှိုင်း(တလေန)များကို အဆင့်များခွဲကာ ပြောင်းလဲမှု ပြုလုပ်ခဲ့ကြဖူးသည်။

သို့သော်လည်း ယခင်အစိုးရသက်တမ်းတစ်ခု ငါးနှစ်တည်းဟူသော အချိန်ကာလတစ်ခုသာ ကုန်ဆုံးသွားခဲ့သည်၊ နိုင်ငံ့ဝန်ထမ်းလောကမှာမူ သိသိသာသာပြောင်းလဲခဲ့မှုမျိုးမရှိခဲ့ပေ။ နိုင်ငံ့ဝန်ထမ်းများ (အစိုးရဌာနဆိုင်ရာများမှဝန်ထမ်းများ)အတွက် စီမံခန့်ခွဲမှုနည်းစနစ်များ၊ ရုံးလုပ်ငန်းများ၊ နိုင်ငံရေးအယူအဆများနှင့် စီးပွားရေးဘာသာရပ်များ လေ့ကျင့်ပေးရာတွင် အဓိကကျသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်ကြီးနှစ်ခုတွင်လည်း ဆန်းသစ်သည့် ပြောင်းလဲမှုမျိုးများဖြင့် သင်ကြားလေ့ကျင့်ပေးသည့်စနစ်နှင့် ဝေးကွာနေခဲ့သည်။ အခြေခံစစ်ပညာနှင့် တူညီဝတ်စုံများဝတ်ဆင်ကာ စစ်ရေးပြပုံစံဖြင့် ကျောင်းဆင်းခဲ့ကြရသည်က များသည်ဟုဆိုခဲ့ကြသည်။

ဤသို့ဖြင့် နိုင်ငံ့ဝန်ထမ်းများလောကသည်လည်းနိုင်ငံရေးစနစ်သာ ပြောင်းပြီး အစိုးရတစ်ရပ်၏ သက်တမ်းသာ ကုန်ဆုံးသွားခဲ့သော်လည်း ယခင်ခေတ်ဟောင်းက စနစ်ဟောင်းများအတိုင်းသာ ဆက်လက်ရှင်သန်နေခဲ့ရသည်။ ထို့ကြောင့်ပင် ယခင်အစိုးရသက်တမ်းအစပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုဖြစ်သည့် အထက်မြန်မာပြည်(ဇီးပင်ကြီး)နှင့် အောက်မြန်မာပြည်(ဖောင်ကြီး)ရှိ သင်တန်းများကိုပင် ဖျက်သိမ်းကြရေးအထိ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြမှုများရှိခဲ့သည်။ ထိုတက္ကသိုလ်နှစ်ခုမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လက်အောက်တွင်ရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် စီမံဆောင်ရွက်သင်ကြားကြရသော တက္ကသိုလ်ကြီးများသာ ဖြစ်သည်။

## ဥပဒေ၊ နည်းဥပဒေတွေကိုဖြေလျှော့

သို့သော်လည်း နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးအတွက် ၂၀၁၅ ခုနှစ်တွင် တက်လာသည့် ယခုလက်ရှိအစိုးရလက်ထက်တွင်မူ တစ်မူထူးပြီး ပြောင်းလဲမှုများစွာကို ပြုလုပ်လာခဲ့သည်။ ပထမဦးစွာ ပြုလုပ်ခဲ့သည်မှာ ယခင်ကပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများထဲမှ ဝန်ထမ်းများအတွက် တင်းကျပ်ထားသည့် ပြဋ္ဌာန်းချက်များ၊ ရရှိထိုက်သည့် အခွင့်အရေးများကို ပိတ်ပင်ထားသည့်ပြဋ္ဌာန်းချက်များကို စတင်ဖြေလျှော့မှုများ ပြုလုပ်လာခဲ့ခြင်းပင်ဖြစ်သည်။ ထိုဖြေလျှော့မှုများကြောင့် ယခင်က ခွင့်လက်ကျန်စုဆောင်းခွင့် မရှိရာကစုဆောင်းခွင့်ရရှိလာသည်။ ယခင်က မီးဖွားခွင့်ကို ရှေ့နောက် သုံးလစီ ခံစားစေရာမှ ခြောက်လကို မိမိနှစ်သက်ရာ ခံစားခွင့်ရှိလာသည်။

ထို့အပြင် မိန်းမမီးဖွားပါက ယောက်ျား(ခင်ပွန်း) ဖြစ်သူကပင် မီးဖွားစောင့်ရှောက်ခွင့် နှစ်ပတ်ရရှိလာခြင်းဖြစ်သည်။ ထို့ပြင် ခွင့်ကို ယခင်က အခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့်မရှိစေရဟု ဆိုထားရာမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားဥပဒေစံနှုန်းများ၊ ဝန်ထမ်းတစ်ဦး၏ ရပိုင်ခွင့်များနှင့်အညီ ခံစားခွင့်တစ်ရပ်အနေဖြင့်ခံစားခွင့်ရရှိလာသည်။ အကြောင်းတစ်စုံတစ်ရာကြောင့်အပြစ်ပေးအရေးယူခြင်းခံရသည့်အခါ မကျေနပ်ပါက အယူခံခွင့်ရှိလာသည်။ ဥပဒေ၊ နည်းဥပဒေများကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဌာနဆိုင်ရာများအားလုံးကို အကြံဉာဏ်များတောင်းခံစုဆောင်းပြီး ဆက်လက်ပြင်ဆင်ရေးပြုလုပ်နေသည်။

## သင်ရိုးညွှန်းတမ်းနှင့် အကဲဖြတ်၊ ဆုပေးခြင်းစနစ်များ ပြောင်းလဲခဲ့ကြ

ထိုနိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရာ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းမှ ဘာသာရပ်များကိုလည်း ပြုပြင်ပြောင်းလဲပစ်ခဲ့သည်။ ခေတ်စနစ်နှင့်ကိုက်ညီသည့် ဘာသာရပ်များကို အခြားနိုင်ငံများနည်းတူ ပြောင်းလဲနိုင်ရေး အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးပြီးပြောင်းလဲခဲ့သည်။ စစ်ရေးပြ ဘာသာရပ်နှင့်စစ်အခြေခံဘာသာရပ်အပြင် အခြားခေတ်စနစ် နှင့်မညီသည့် နိုင်ငံရေး ဘာသာရပ်အချို့ကို ချန်လှပ်ပစ်ခဲ့သည်။ ဝတ်စားဆင်ယင်မှုကိုလည်း ယခင် အပြာရောင်ယူနီဖောင်းညိုထေးထေးများမှ အမျိုးသားဝတ်စုံနှင့်ရုံးဌာနအလိုက် ဝတ်စုံများကိုသာ ပြောင်းလဲဝတ်ဆင်စေခဲ့သည်။

အရာထမ်းသင်တန်းများအတွက် စာမေးပွဲစနစ်မထားရှိတော့ဘဲ တစ်ဦးချင်း ကိုယ်ပိုင်အရည်အချင်းဖြင့်သာ တင်ပြရှင်းလင်းရသည့် အစီအစဉ်များ၊ နေ့စဉ်သင်ကြားသည့်သင်ခန်းစာများအပေါ် ဆွေးနွေးခြင်း၊ မှတ်ချက်ပေးခြင်းများ၊ အုပ်စုလိုက်ဆွေးနွေးမှုများ၊ စာတမ်းပြုစုတင်ပြမှုများနှင့် စိတ်ဓာတ်ကောင်းမွန်မှုနှင့် စည်းကမ်းလိုက်နာမှုများဖြင့်သာ အစားထိုးပြီး နိုင်ငံတကာမှ သင်ကြားနည်းစနစ်များဖြင့် ပြောင်းလဲခဲ့သည်။ ထို့ပြင် ယခင်ကကျင့်သုံးခဲ့သည့် ဆုပေးခြင်းစနစ်အစား အရည်အချင်းအလိုက် အတန်းအစားသတ်မှတ်ပေးသည့်စနစ်ကိုသာ ပြောင်းလဲကျင့်သုံးခဲ့သည်ကို တွေ့ရသည်။

## ဒီပလိုမာဘွဲ့သင်တန်းများဖွင့်လှစ်သင်ကြားချီးမြှင့်

ယခုအစိုးရလက်ထက်တွင် ထူးခြားချက်မှာပြင်ပမှ လူငယ်ဘွဲ့ရများအားခေါ်ယူပြီး သင်ကြားလေ့ကျင့်ပေးကာ နိုင်ငံ့ဝန်ထမ်းဒီပလိုမာဘွဲ့များ ချီးမြှင့်လာခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် သင်တန်းအပတ်စဉ်နှစ်ခုပြီးဆုံးခဲ့ပြီ ဟုကြားရသည်။

ထို့ပြင် ထိုမှတစ်ဆင့်တက်ကာ နိုင်ငံ့ဝန်ထမ်း များအထဲမှ အလယ်အလတ်အဆင့်အရာထမ်းများကိုလည်း ၎င်းတို့နည်းတူ သတ်မှတ်ကာလအလိုက်သင်တန်းများတက်ရောက်စေကာ ဒီပလိုမာဘွဲ့ချီးမြှင့်ပေးရန် စီစဉ်နေကြောင်းလည်းသိရသည်။ ထိုမှ တစ်ဆင့်တက်ကာ အဆင့်မြင့်အရာထမ်းများအတွက်ပါ မဟာဘွဲ့များ ပေးအပ်နိုင်ရေး စီစဉ်နေကြောင်းလည်း ကြားရပြန်သည်။ ကြားရသည့်သတင်းများမှာ အားရစရာကောင်းလှသည်။

## နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် အကောင်အထည် ဖော်လာခဲ့ပြန်

ထိုစီမံချက်ကို၂၀၁၇ ခုနှစ်မှစတင်ပြီး၂၀၂၀ ပြည့်နှစ်တွင် ပြီးဆုံးမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ထုတ်ပြန်ကြေညာခဲ့သည်။ ထိုစီမံချက်၏ မျှော်မှန်းချက်မှာ ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနှင့် ပြည်သူလူထု၏ယုံကြည်မှုကိုပိုမိုအားကောင်း စေမည့် ကျင့်ဝတ်သိက္ခာနှင့်ညီသော၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကိုအခြေခံသော၊ အားလုံးပါဝင်ကာ မဆိုင်းမတွတုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပေါ်ထွန်းလာစေရန်ဖြစ်သည်ဟု ဆိုသည်။

ထိုပြောင်းလဲမှုတွင် နိုင်ငံ့ဝန်ထမ်းများ အုပ်ချုပ်မှုပုံစံသစ်၊ အရည်အချင်းကိုအခြေခံ၍ စွမ်းဆောင်ရည်ရှိမှု ကို ဦးစားပေးသောအလေ့အထနှင့် စနစ်များ၊ လုပ်ထုံးလုပ်နည်းမူဘောင်များအတွင်း တန်းတူညီမျှမှုတို့ကို အခြေခံသဘောတရားအဖြစ် ရေးဆွဲခြင်းစနစ်များ၊ အရည်အချင်းအခြေခံကာ ကျား-မ ကွာဟမှုကျဉ်းမြောင်းသော ဝန်ထမ်းသစ်ရွေးချယ်ခန့်အပ်မှုနှင့် ရာထူးတိုးမြှင့် ပြောင်းရွှေ့မှုစနစ်များကို ထောက်ကူဆောင်ရွက်သည့် ခေတ်မီလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်များ၊ ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေမည့် စနစ်များ၊ ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းများ ပါဝင်သည်ကို တွေ့ရသည်။

ထို့အပြင် အဓိကအချက်များအဖြစ် လုပ်ငန်းတက် ကြွမှုရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးရလဒ်ဦးတည်လုပ်ဆောင်မှုနှင့် ပြည်သူဗဟိုပြုချဉ်းကပ်လုပ်ဆောင်မှု အလေ့အထများ ပျိုးထောင်ပေးခြင်း၊ စိတ်ဓာတ်ခံယူချက်ပြောင်းလဲရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ခေါင်းဆောင်မှု ခိုင်မာအားကောင်းစေခြင်းတို့လည်း ပါဝင်သည်။ သင်ကြားနည်းစနစ်များနှင့် ပတ်သက်၍လည်း သင်ယူမှုနှင့် သင်တန်းနည်းစနစ်များ၊ နည်းလမ်းများတိုးတက်စေခြင်းလည်းပါဝင်ထားသည်။ ထိုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံ့ဝန်ထမ်းလောက၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံ၊ တာဝန်ယူမှုများရှိလာစေရန်၊ အဂတိတရားများကင်းစင်ပြီး အကျင့်ပျက်ခြစားမှုများမရှိစေရန်၊ ရိုးဖြောင့်မှုနှင့် တာဝန်ခံမှုကို မြင့်မား လာစေရန်၊ ပြည်သူလူထု အပေါ် ပွင့်လင်းမြင်သာမှုရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန်တို့ဖြစ်ကြောင်း တွေ့ရသည်။

## နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များပါ လိုက်ပါပြောင်းလဲ

ယခုအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများပြုပြင်ပြောင်းလဲမှုကို ကြီးကြီးမားမားနှင့် အရှိန်အဟုန်ပြင်းပြင်း ဖော်ဆောင်လာခဲ့သည့် လုပ်ငန်းများအထဲတွင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို ပြောင်းလဲထုတ်ပြန်ခဲ့မှုလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ထိုကျင့်ဝတ်စာအုပ်မှာ ယခင်နယကအစိုးရလက်ထက် ၂၀၀၄ ခုနှစ်တွင်သာ တစ်ကြိမ်ထုတ်ဝေထားခဲ့ဖူးပြီး ယခု ၁၃ နှစ်အကြာတွင်မှ အသစ်ပြန်လည် ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည် ထိုသို့ပြင်ဆင်ရခြင်းမှာလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပြောင်းလဲမှုအပေါ် ထိုအထဲတွင်ပါဝင်ပြောင်းလဲထားသည့် ကျင့်ဝတ်နှင့် တာဝန်များအပိုင်းအပေါ် လိုက်ပြီး ပြောင်းလဲကြရခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းအများစုမှာမူ ထိုကျင့်ဝတ်စာအုပ်နှင့် ဝေးဝေးတွင်နေနေဆဲပင် ဖြစ်နေသေးသည်။အချို့က မြင်တောင်မမြင်ဖူးကြသေးပေ။

## ပြောင်းလဲမှုအပေါ် မေးလာနိုင်သောမေးခွန်းများ

ယခုအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းလောကအတွက် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ ထိုပြောင်းလဲမှုအပေါ် ပြည်သူလူထုက မေးစရာမေးခွန်းများရှိလာခဲ့သည်ဟု ကြားရသည်။ ထိုမေးခွန်းများမှာ ထိုပြောင်းလဲမှုအပေါ် နိုင်ငံ့ဝန်ထမ်းများက လိုက်ပါပြောင်းလဲလာပါ့မလား၊ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးဆိုသူများကရော ထိုပြောင်းလဲမှုတွေ၊အကောင်အထည်ဖော်နေသည့် အချက်တွေ၊ နှစ်အလိုက်၊ လအလိုက်သွားနေသည့် အပိုင်းများကိုရော သိကြသလား၊ ယခုအကောင်အထည်ဖော်နေသည့် မဟာဗျူဟာစီမံချက်ကြီး အောင်မြင်မည်၊ မအောင်မြင်သည်ကို မည်သည့်အချိန်တွင် မည်သည့်ပေတံဖြင့် တိုင်းတာမည်နည်း၊ ဆန်းစစ်မည်နည်း၊ ထိုတိုင်းတာ ဆန်းစစ်မည့်အကြောင်း ထိုစီမံချက်ကြီးအထဲတွင် ထည့်သွင်းရေးဆွဲပါဝင်ပါသလား၊ ယခင်အစိုးရလက်ထက်တွင် ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလှိုင်းများအတိုင်း အချိန်သာကုန်သွားသော်လည်း နဂိုအတိုင်းသာ ကျန်ရှိနေမည်လား၊ ထိုအတိုင်းဆက်ဖြစ်နေမည်လား၊ အစကောင်းပြီး အဆုံးကောင်းအောင် မည်သို့ဖော်ဆောင်မည်နည်းဟူသည့် ယုံကြည်မှုမဲ့နေသေးသည့်မေးခွန်းများလည်း မေးချင်နေကြသည်ဟု ဆိုသည်။

## နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများဆိုင်ရာ ဥပဒေ ဘယ်တော့ပြဋ္ဌာန်းလာမလဲ

ထိုမေးခွန်းများ မေးချင်နေကြသည့်အပြင် ဝန်ထမ်းအများစု ဖြစ်ချင်နေသေးသည့်ကိစ္စတစ်ခုကလည်း ကျန်ရှိနေသေးသည်ဟု ကြားရသည်။ ထိုအချက်မှာ နိုင်ငံ့ဝန်ထမ်းလောကအတွက် လစာ၊ စရိတ်၊ ချီးမြှင့်ငွေများဆိုင်ရာ ဥပဒေတစ်ရပ် အဘယ့်ကြောင့် ယခုအချိန်ထိ မရှိနေသေးသနည်းဟူသည့်ကိစ္စဖြစ်သည်။

ထို့အတွက် နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးအတွက်ဆိုလျှင်ဝန်ထမ်းလောကအတွင်းရှိ အဆင့်အတန်းအားလုံးပါဝင်သိရှိလိုက်နာမှု ရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးအတွက် စီမံချက်ထုတ်ပြန်ရုံ၊ သင်တန်းများပေးရုံမျှဖြင့်လည်း အောင်မြင်နိုင်မည့်ကိစ္စမဟုတ်ပေ။ အမှန်တကယ်အောင်မြင်ရေးအတွက် နှစ်အလိုက်၊ လအလိုက် ဆောင်ရွက်သည့် စီမံချက်များကို လကုန်၊ နှစ်ကုန်လျှင် တိုးတက်မှု ရှိ၊ မရှိ၊ အောင်မြင်မှု ရှိ၊ မရှိ၊ လိုက်နာမှု ရှိ၊ မရှိ လိုက်လံကွင်းဆင်းကာဆန်းစစ်ကြ ရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းလောကတွင် အဓိကကျသည့် အဆုံးအဖြတ်ပေးနိုင်သည့် ဝန်ထမ်းအကြီးအမှူးများအားလုံးကိုလည်း ထိုသင်တန်းများပေးခြင်း၊ ထိုသူတို့ကိုလည်း ဆန်းစစ်ကြည့်စေခြင်းနှင့် ဆုပေး၊ ဒဏ်ပေးစနစ်များ ကျင့်သုံးစေခြင်း၊ အမြဲမပြတ် စောင့်ကြည့်နေခြင်း စသည်ဖြင့် ဆောင်ရွက်ပါက ပြောင်းလာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်" ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ ချစ်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း "ကြေးမုံဖတ်ကြည့်" ကဏ္ဍဟု ထင်ရှားစွာ လိပ်မူ၍ အမှတ် (၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ သတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

## ကျော်စောမင်း

**၁။ ပရိသတ်သို့တောင်းပန်ခြင်း**

"ဖတ်ကြည့်" ကို ကျွန်တော်မရေးဖြစ်သည်မှာ ကြာပါပြီ။ တစ်နှစ်ခန့်ပင် ရှိရော့မည်။ စာပေနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်တစ်ခုက ကျင့်ဝတ်အရ ကန့်သတ်ထားသည်ဟု ယူဆရပါ၍ ရေးလိုသည်များကို ချုပ်ထိန်းထားရပါသည်။ ထိုကိစ္စများကို ရှောင်နေရသောအခါ ရေးသင့်ရေးထိုက်သည်များကို ချန်ထားရမည်ဖြစ်၍ အကာသက်သက်မျှသော ရေးသားချက်တို့ဖြစ်လာလိမ့်မည်။ ထို့ကြောင့်ပင် မရေးဖြစ်ခြင်းဖြစ်ပါသည်။ နောက်တစ်ချက်က စာအုပ်ကိစ္စဖြစ်သည်။ အိမ်တိုင်ရာရောက် လာပို့ကြသော (ယခင်ကလည်း လာလေ့ရှိသော) စာရေးဆရာအချို့နှင့် ထုတ်ဝေသူအချို့၏ စာအုပ်များကိုသာ လက်ခံရရှိပါသည်။ ထို့ကြောင့် စာအုပ်ဆိုင်ကို အားကိုးရပါသည်။ စာပဒေသာ၊ နိုင်ငံရေး၊ ဝတ္ထုတိုနှင့် ကဗျာဆိုသော လေးမျိုးကိုပဲ ကျွန်တော် ဝယ်ယူလေ့ရှိသောကြောင့် ထိုကာလတစ်လျှောက်တွင် ထိုအမျိုးအစားများအတွက် ကျွန်တော်ဝင်ပြောရန် မသင့်ဟူသော ကန့်သတ်ချက်ကို ခံစားရပါသဖြင့် မရေးဖြစ်တော့ခြင်းလည်းဖြစ်ပါသည်။ ယခုတော့ ထိုကန့်သတ်ချက်ဘောင်ကို စည်းကမ်းဖြင့် ကျော်လွန်၍ ရပါပြီ။

**၂။ သီတင်းကျွတ်အလွန်**

ဝါကျွတ်ပြီးလျှင် သီတင်းကျွတ်လဆုတ်ရက်များသို့ ရောက်သည်။ ပြီးလျှင် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့သို့ ရောက်မည်။ နောက်တစ်လကြာလျှင် နတ်တော်လဆန်း ၁ ရက်နေ့သို့ ရောက်မည်။ နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ ဖြစ်၏။ စာပေဆုနှင်းသဘင်ကျင်းပဖွယ်ရှိသောနေ့ဖြစ်၏။စာပေဆုများကို တစ်လခန့်ကြိုတင်ကြေညာလေ့ရှိသောကြောင့် တန်ဆောင်မုန်းလသို့ဝင်သည်နှင့် စာပေနယ်သားများ ရင်ခုန်ကြပါပြီ။

**၃။ မြန်မာကဗျာအချိုးအကွေ့**

ယခုနှစ်သည် မြန်မာကဗျာလောကအတွက် ထူးခြားမည့် နှစ်ဟု ခန့်မှန်းရသည်။ ယခင်က မြန်မာ့ရိုးရာ ကဗျာစပ်ထုံးနှင့်ညီသော ရေးဖွဲ့မှုများကိုသာ မြန်မာကဗျာဟု စာရင်းသွင်းပြီး အမျိုးသားစာပေကဗျာဆုအတွက် စဉ်းစားခဲ့ကြသည်။ စွန်း၊ လွန်း၊ ကွန်းညီပြီး ဝတ်တတ်၊ ဆင်တတ်လျှင် ကဗျာဆုရနိုင်သည်ဟုပင် အပြောအဆို ရှိခဲ့သည်။ သို့သော် လွန်ခဲ့သည့် လေးနှစ်မှစတင်၍ထိုအဖွဲ့ကြီးတွင် ဝင်ရောက်ထမ်းဆောင်သော အဖွဲ့ဝင်အသစ်များ၏ ကြိုးစားမှုကြောင့် ခေတ်ပေါ်ကဗျာသည်လည်း အသိအမှတ်ပြုခံရပြီ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်မှ စတင်ခဲ့သော လမ်းကြောင်းသည် ၂၁ ရာစုသို့ ကူးလာသည့်အခါ အလွန်အားကောင်းလာခဲ့သည်။ စာနယ်ဇင်းပါ ကဗျာများနှင့် လုံးချင်းကဗျာစာအုပ်တို့၏ ၉၀ ရာခိုင်နှုန်းခန့်က ခေတ်ပေါ်ကဗျာဖြစ်လာခဲ့သည်အထိ အားကောင်းလာခဲ့သည်။ ဤမျှ အားကောင်းလာခဲ့သော ရေစီးတစ်ခုကို မသိချင်ယောင်ဆောင်နေ၍ မရတော့ပါ။ သူတို့ကိုလည်း အသိအမှတ် ပြုရပေလိမ့်မည်ဟုလည်း သုံးစွဲလိုက်သည်မှာ မတော်တဆ မဟုတ်ပါ။ ဂန္ထဝင်ကိုလည်း တွဲခေါ်၊ ခေတ်ပေါ်ကိုလည်း တွဲခေါ်ရပေလိမ့်မည်။ ဂန္ထဝင်ကို လက်တွဲဖြုတ်လျှင် အမျိုးသားအမွေအနှစ်ကြီးတစ်ခု တိမ်ကောသွားလိမ့်မည်။ ဂျင်းဘောင်းဘီကို စင်ပေါ်တင်ချင်၍ ပုဆိုးနှင့် တိုက်ပုံကို မီးရှို့ပစ်ရမည်ဟု ခံယူခြင်းကား မှန်ကန်သည် မထင်ပါ။ အင်္ဂလိပ်စာပေလောကမှာလည်း ဒီလိုပါပဲဟု ဆင်ခြေပေးသူများသည် ကဗျာကို နက်နက်ရှိုင်းရှိုင်း မသိသူများ ဖြစ်ဖို့များသည်။

အင်္ဂလိပ်ကဗျာ၏အခြေခံမှာ မီတာနှင့် ကာရန်ဖြစ်သည်။ ကာရန်ကိုမသုံးတော့သဖြင့် မီတာကျန်နေသည်။ မီတာသည် Stress ခေါ် သံပြင်း/သံညင်းအတွဲ (အဖိ/အဖော့အတွဲ)ကြောင့် ဖြစ်လာသော ရစ်သမ်ကို အခြေခံခဲ့သည်။ အသံထွက်ပုံသေစနစ်ရှိမှသာ ရစ်သမ်ရှိသည်။ ဤလိုပုံသေစနစ်သည် အင်္ဂလိပ်စာကဲ့သို့ ဗဟုဝဏ္ဏဘာသာစကား (Polysyllabic Languages) တွင်သာရှိသည်။ ဥပမာပြရလျှင် Satire ကို ကြည့်ပါ။ ဆဲတ္တယားဟုပဲ ရှေ့က 'ဆတ်'ကို ပြင်းပြင်းထွက်ရွတ်ဆိုရပါသည်။ ဆံတိုင်းယားဟု အသံထွက်ခွင့်မရှိပါ။ မြန်မာဘာသာစကားက စာလုံးတစ်လုံးချင်းကို ယူစပ်သော Monosyllabic ခေါ် ဧကဝဏ္ဏဘာသာစကား ဖြစ်သည်။ ရစ်သမ်မရှိ။ Cadence ခေါ် စကားပြောသံစဉ်နိမ့်မြင့် Melody ကို ရစ်သမ်ဟု ထင်နေလျှင်တော့ မတတ်နိုင်ပါ။

ယခုနှစ်တွင် ခေတ်ပေါ်ကဗျာကို ဆုပေးကောင်းပေးမည်ဖြစ်ရာ ဆုပေးခဲ့လျှင် အခြားသောဝမ်းသာမှုများထက်ကဲသည့်မျှော်လင့်ချက်တစ်ခု ပြည့်ဝတော့မည်ဟု တွေးကာဝမ်းသာနေပါသည်။ ဆုရွေးချယ်ရာတွင်မူရှိရ၏။ ငါကြိုက်တယ်။ ဒါကြောင့် ကောင်းတယ်ဆိုခြင်းမှာ ပုဂ္ဂလိကစာပေဆုများတွင် လက်ခံနိုင်ဖွယ်ရှိသော်လည်း အမျိုးသားအဆင့်တွင်ကား လက်ခံနိုင်ဖွယ်မရှိပါ။ ဘာတွေကို ဘယ်လိုအကဲဖြတ်ကြောင်း မူချထားမှုရမည်။ မူ (Principle) အနေဖြင့် မပြဋ္ဌာန်းသေးသည့်တိုင် လုပ်ထုံး/သတ်မှတ်ချက် (Procedure/Proceeding) အဖြစ်တော့ ရှိထားမှုဖြစ်မည်။ အတွေးကောင်းရမည်။ စကားလုံးများ စူးရှထက်မြက်ရမည်ဟူသော (ကဗျာအရည်အသွေးနှင့် မဆိုင်လှသည့်) ယေဘုယျ သတ်မှတ်ချက်မျှလောက်နှင့်မရ။ Poetry Element ခေါ် ကဗျာမြောက်ခြင်းကို အကဲဖြတ်မှုပါ မူချထားနိုင်ရလိမ့်မည်။

ကဗျာဆုထွက်လာသည့်အခါ ထိုမူများကို သိခွင့်သို့မဟုတ် အကဲခတ်ခွင့်ရလာမည်ဖြစ်၍ဝမ်းသာရပါသည်။

**၄။ ကြယ်တာရာ**

နက္ခတ္တဗေဒ (Astronomy) ကိုသင်ယူလျှင် ပထမဆုံးစတင်ထိတွေ့ရသည်မှာ ကြယ်နှင့် ဂြိုဟ်ကို ခွဲခြားနည်းဖြစ်သည်။ အလင်းကိုမြင်ရခြင်းနှင့် ကောင်းကင်တွင် တည်ရှိနေခြင်းတို့ တူသော်လည်း ကြယ် (Star)နှင့် ဂြိုဟ် (Planet) တို့ မတူကြပါ။ ကြယ်တို့၏ အလင်းက မှိတ်တုတ်မှိတ်တုတ် (Pulsating)၊ ဂြိုဟ်က တည်တည်ငြိမ်ငြိမ် (Steady)။

ဤအချက်ကိုကြည့်၍ ဂြိုဟ်က တစ်သမတ်တည်းသဘောကိုဆောင်ပြီး ကြယ်တို့က ခုတစ်မျိုးတော်ကြာတစ်မျိုးဟု ယူဆလိုသူများရှိမည်။ ဂြိုဟ်တို့တွင် ကိုယ်ပိုင်အလင်းရောင်မရှိ၊ နေမှအလင်းရောင်ထိုးကျခြင်းကို မြင်ရခြင်းဖြစ်၍ အလင်းတည်ငြိမ်နေခြင်းဖြစ်သည်။ ကိုယ်ပိုင်အလင်းရောင်မရှိဆိုသောအချက်ကို အထူးသတိထားစေလိုပါသည်။ ကြယ်များတွင် ကိုယ်ပိုင်အလင်းရောင်ရှိသည်။ ကမ္ဘာ့လေထုကို အလင်းရောင်ဖြတ်သန်းပို့လွှတ်ရသဖြင့် အလင်းရောင်က မှိတ်တုတ်မှိတ်တုတ်ဖြစ်နေရခြင်းဖြစ်သည်။ ကြယ်များတွင် ကိုယ်ပိုင်အလင်းရောင်ရှိသည်ဆိုသောအချက်ကိုမှတ်သားရန် ဖြစ်ပါသည်။ အချို့ကြယ်များမှာ ဝေးလွန်းလှ၍ သူ့အလင်းရောင်က ကမ္ဘာသို့ရောက်ရန် နှစ်နှင့်ချီကြာမြင့်တတ်သည်။ အလင်းနှစ် နှစ်နှစ်ဝေးကွာသည်ဆိုသော ကြယ်သည် လွန်ခဲ့သောနှစ်နှစ်က ကြယ်ဖြစ်သည်။ ယခုရှိချင်မှ ရှိမည်။

ပကတိမျက်စိဖြင့်မြင်နိုင်သော ကြယ်ပေါင်း ၂၀၀၀ ခန့်တွင် အလင်းဆုံးမှာ သဘော်ပဲ့ကြယ် (Sirius) ဖြစ်သည်။ သရဝဏ်၊ သွာတိ၊ ဓူဝံ၊ အာဇာနီစသဖြင့် အလွယ်တွေ့နိုင်သော ခပ်လင်းလင်းကြယ်များရှိသေးသည်။ ဇေဋ္ဌ (ဖတ်သံ-ဇစ်ထ၊ Antares)ကတော့ အနီရောင်ရှိသည်။

စိတြကတော့ ပုလဲဖြူအဆင်းဟု စာဆိုနှင့်အညီ ဖြူလင်းလင်းဖြစ်၏။ ရေဝတီ၊ ဝိသာခါ၊ မိဂသီ၊ ပုဿစသည်တို့ကတော့ အစုလိုက်ကိုခေါ်ထားသော အမည်များဖြစ်သည်။

သာမန်မျက်စိဖြင့်မြင်နိုင်သော ကြယ်အလုံးပေါင်း ၂၀၀၀ ခန့်ရှိခြင်း၊ ထိုအထဲတွင် ထူးထူးခြားခြား သတိပြုမိလောက်အောင်တောက်ပသော ကြယ်က အနည်းငယ်မျှသာရှိခြင်း၊ တာရာဟူသော စကားနှင့်အညီ သွားရာလမ်းကြောင်း မပြောင်းမလဲတည်မြဲခြင်းနှင့် ကိုယ်ပိုင်အလင်းရှိခြင်းတို့ကို မှတ်သားထိုက်ပါသည်။

ဂြိုဟ်သည် အမြင်အားဖြင့် ကြယ်ထက်ကြီး၏။ ကြယ်ထက်လင်း၏။ အလင်းလည်းငြိမ်သည်။ သို့သော် ကိုယ်ပိုင် အလင်းမရှိ။ နေစကြာဝဠာတွင်ပါဝင်လှည့်ပတ်နေရသော အာကာသပစ္စည်းများဖြစ်၍ နေရောင်မရှိတော့လျှင် အလင်းရောင်ပြန်မထွက်နိုင်တော့။ ဘာနှင့်တူသလဲဆိုတော့ တခြားနိုင်ငံများ၊ တခြားစာရေးသူများ၏ ကောင်းနိုးရာရာကို ပြန်လည်တင်ဆက်ပြနေသူများနှင့်တူသည်။ မူရင်းမရှိလျှင် မိတ္တူမရှိနိုင်သူများ။

မြန်မာစာပေနယ်မှ ကြယ်တာရာကြီးများအနက် ကမ္ဘာ့အဆင့်ဝင် ကြယ်စင်ကြီးတစ်လုံးရှိခဲ့ဖူးသည်။ ကလေးကဗျာတွင် ရှေ့ဆောင်၊ ခေတ်စမ်းစာပေ၏ ရှေ့ဆောင်၊ ရသစာပေတွင် ကိုယ်ပိုင်ရေးသားပြုစုခြင်းမှအစ ရှေးဟောင်းစာပေများ တည်းဖြတ်ဝေဖန်ရေးအထိ လုပ်ဆောင်ခဲ့သူ။ ရသစာပေဘာသာပြန်ရာတွင်လည်း အလွန်စေ့စပ်သေချာသူ။ နိုင်ငံတော်၏ စာပေတာဝန်ကြီးများကို နှစ်ပေါင်းငါးဆယ်နီးပါး ကျေပွန်စွာစွမ်းဆောင်ခဲ့သူ။

ထိုပုဂ္ဂိုလ်ကြီး အသက် (၉၅)နှစ်အရွယ်တွင် ကွယ်လွန်သောအခါ စာပေနယ်အတွက် ပုစ္ဆာကြီးတစ်ပုဒ်ကိုချန်ထားခဲ့ပါသည်။ မီးဘေးရှောင်မလောင်ခင်တားတို့၊ သစ်တောသစ်ပင်ချစ်စေချင်တို့၊ ဦးတည်ချက် လေးရပ် မမေ့အပ်တို့လောက် လေးငါးဆယ်ပုဒ်ရေးပြီး အသက် (၇၀) လည်းကျော်ရော၊ ကြယ်တာရာစာရင်းအသွင်းခံရရောဆိုသည့် ကံထူးသူများထဲတွင် ထိုပုဂ္ဂိုလ်ကြီးသည် အသက် (၉၅)နှစ်သာရောက်လာသည် စာရင်းသွင်းမခံရ။ ဘယ်သူဘယ်ဝါကဖြင့် ကျေနပ်မှာ မဟုတ်ဆိုပြီး သခင်အားရကျွန်ပါးဝ မျက်နှာချိုသွေးခဲ့သော ရွေးချယ်ရေးအဖွဲ့ဝင် အချို့ (အများစု)ကို စာပေသစ္စာဟူသော အလေးတုံးတို့၊ ယဉ်ကျေးမှုအမွေဟူသော အလေးတုံးတို့၊ ကိုယ်ပိုင်အလင်းဟူသော အလေးတုံးတို့၊ ပညာရှင်သတ္တိဟူသော အလေးတုံးတို့ဖြင့် ချိန်ကြည့်ထိုက်ကြောင်း မီးမောင်းထိုးပြလိုက်သော ပုစ္ဆာကြီးဖြစ်သွားပါသည်။

လုပ်ပိုင်ခွင့်ရခိုက်လုပ်ချင်တာကိုတွန်းတွန်းထိုးထိုးလုပ်ကြတာမဆန်းပါ။ ယောက္ခမအလှူတွင် ကိုယ့်လူတွေထမင်းဝဖို့အဓိကအာရုံစိုက်ချင်သူများကို ဘာမျှပြောမနေချင်တော့ပါ။ သို့သော် ကြယ်တာရာစာရင်းမှာ ဂြိုဟ်ကိုပင်စာရင်းမသွင်းထိုက်သည့် ထုံးပင်ရှိပါလျက်နှင့် သုံးလေးနှစ်လောက်ပဲ သုံးလိုက်ရပြီးချောင်ထဲမှာ ဝပ်နေသော အောက်လင်းဓာတ်မီးကို အိုလို့ ဟောင်းလို့ဆိုပြီး ကြယ်တာရာ စာရင်းသွင်းချင်နေလျှင်တော့ မြန်မာအမျိုးသားစာဆိုတော်နေ့သည် အရေးပေါ်ဖော့ရုပ်တွေနှင့် ကမန်းကတန်းပွဲထွက်လိုက်ရသော ရသေ့ရှစ်သောင်းအမြင့်သဘင်ပဲ ဖြစ်နေဦးမည်ဖြစ်သည်။ ။

# အောက်ချင်းငှက်ကိုးကောင်အား ရေထိန်းတော မန်းကြိုးဝိုင်းပြင်သဘာဝတောအတွင်း ပြန်လွှတ်ပေး

**ငဖဲ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် တိုင်းတားကျေးရွာလမ်းပေါက်အနီး၌ အောက်တိုဘာ ၈ ရက်တွင် တရားမဝင်သယ်ဆောင်လာသူထံမှ သိမ်းဆည်းရမိသော အောက်ချင်းငှက် ကိုးကောင်အား ငဖဲမြို့နယ် ဂုတ်ကြီးရေထိန်းတောမန်းကြိုးဝိုင်းပြင်တွင် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြန်လွှတ်ပေးခဲ့ကြောင်း ငဖဲမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

"အောက်တိုဘာ ၁၄ ရက်က အောက်ချင်းငှက်ကိုးကောင်ကို ထိန်းသိမ်းထားဖို့ မင်းတုန်းမြို့ကနေ လာရောက်ပို့ဆောင်ထားခဲ့ပါတယ်။ ဒီနေ့ နံနက်ပိုင်းမှာတော့ ရိုးမအလင်းတန်းအဖွဲ့က ကိုဆလိုင်းရန်နောင်ထွန်းနဲ့ ဂုတ်ကြီးကျေးရွာဒေသခံတွေနဲ့အတူ ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသ ဂုတ်ကြီးရေထိန်းတောအတွင်း မန်းကြိုးဝိုင်းပြင်မှာ ငှက်တွေကို သဘာဝအတိုင်း ပြန်လည်ရှင်သန်နိုင်ဖို့ လွှတ်ပေးခဲ့ပါတယ်"ဟု ငဖဲမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်မင်းသူက ပြောသည်။

အောက်ချင်းငှက်များဖမ်းဆီးရမိခြင်း၊ သဘာဝတောအတွင်း ပြန်လွှတ်ပေးခြင်းလုပ်ငန်းများအပေါ် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ထောက်ခံအားပေးမှုများစွာရခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံးက အောက်ချင်းငှက်ကဲ့သို့သော တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာလျက်ရှိသည်။

"အသက်(၁၄)နှစ်ရှိတဲ့ ကလေးက ဆိုင်ကယ်ကယ်ရီခ နှစ်သောင်းသုံးထောင်ရလို့ဆိုပြီး အောက်ချင်းငှက်တွေသယ်လာတယ်။ သူက တိုင်းတားကျေးရွာကနေ မင်းတုန်းတံတားကျော်သည်အထိ မောင်းပို့ရတယ်လို့ ကြားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချင်းတိုင်းရင်းသားတွေနဲ့ နီးနွယ်ပတ်သက်တဲ့ အောက်ချင်းငှက်တွေကို သဘာဝတောအတွင်း ပြန်လည်ရှင်သန်နိုင်အောင် ဖမ်းဆီးပေးတဲ့သူတွေ၊ ပူးပေါင်းပါဝင်သူတွေအားလုံးကို တကယ်ပဲကျေးဇူးတင်ပါတယ်"ဟု ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာနေ အရှိုချင်းတိုင်းရင်းသူ မပန်းအိစံက ပြောသည်။



အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲခန့်က မင်းတုန်းမြို့နယ်မှ ပြည်မြို့ဘက်သို့ပို့ဆောင်ရန် နှီးခြင်းများဖြင့် ထည့်ယူလာသော အောက်ချင်းငှက်ကိုးကောင်ကို သယ်ဆောင်လာသူနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပိုင်ရှင်ဆိုသူနှစ်ဦးကို မင်းတုန်းမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# NCA ပါ အကြောင်းအရာများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တပ်မတော်အနေဖြင့် အထူးလိုလား

**နေပြည်တော် အောက်တိုဘာ ၁၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ခေါင်းဆောင်သော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) မှ အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် PPST အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် NCA မှလွဲ၍ အခြားလမ်းကြောင်းမရှိကြောင်း၊ NCA အား အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်ပြီး NCA ပါအချက်များကို မြန်မြန်ဆန်ဆန်အကောင်အထည် ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ PPST အနေဖြင့် တစ်ဦးအပေါ် တစ်ဦး အသာစီးရယူလိုစိတ်မရှိဘဲ ရိုးရိုးသားသားဖြင့် တိုင်းပြည်တွင်ဖြစ်နေသည့် ပဋိပက္ခများကိုဖြေရှင်းလိုသည့် သဘောထားတစ်ခုသာရှိကြောင်း၊ ငြိမ်းချမ်းရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာရန်လိုလားပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် NCA နှစ်နှစ်ပြည့်အခမ်းအနားတွင် ပြောကြားခဲ့သည့် မိမိတို့ ရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးမှုလမ်းစဉ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ရန်ကိုလည်း အပြည့်အဝထောက်ခံပါကြောင်း ပြောကြား၍ တစ်ဖွဲ့ချင်းနှင့်ပတ်သက်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားမှုရှိရန်လိုကြောင်း၊ လက်မှတ်ရေးထိုးခြင်းမပြုသည့် အဖွဲ့များအား ငြိမ်းချမ်းရေးအတွက် ပထမဆုံးခြေလှမ်းကို စတင်လှမ်းပြီး NCA ကို လက်မှတ်ရေးထိုးကြရန်လိုသည်ဟု NCA နှစ်နှစ်ပြည့် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ NCA လမ်းကြောင်းသည် ငြိမ်းချမ်းရေးအတွက် အဓိက လုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးကို ဦးတည်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ NCA ပါ အကြောင်းအရာများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တပ်မတော်အနေဖြင့် အထူးလိုလားကြောင်း၊ အသင့်လည်း ရှိပါကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်သည်များကို အချိန်မဆိုင်းဘဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို ဦးစားပေးကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများကိုလည်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းပြောကြား၍ အဖွဲ့တစ်ဖွဲ့ချင်း၏ ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



**(သတင်းစဉ်)**

**❐ ရခိုင်ပြည်နယ်မှ**
ပြည်ထောင်စုဝန်ကြီးက မိမိတို့ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ လာရောက် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ လိုအပ်သည့်နေရာများတွင် နေအိမ်များတည်ဆောက်၍ ပြန်လည်နေရာချထားပေးရန်ဖြစ်ကြောင်း။

လူနည်းစု တိုင်းရင်းသားများ၏ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်ထောင်စုစီမံကိန်းတွင် လုပ်ငန်းကဏ္ဍသုံးခု ချမှတ်ဆောင်ရွက်ရန်ရှိကြောင်း၊ အဆိုပါကဏ္ဍသုံးရပ်တွင် စားနပ်ရိက္ခာထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများပါဝင်ကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနေပြည်သူများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံ မြိုတိုင်းရင်းသားများအတွက် ဆန်အိတ် ၂၉၀၊ ဆီ ၉၇ ပုံး၊ ပဲ ၁၈ အိတ်၊ ဆား ခုနစ်အိတ်၊ ကြက်သွန်နီ ၄၈ အိတ်၊ အာလူး ၄၈ အိတ်၊ ငရုတ်သီးခြောက် ငါးအိတ်၊ နို့မှုန့်ထုပ်များကို ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုံတိုင်ကျေးရွာနေ မြို တိုင်းရင်းသားများအတွက် နတလရွာသစ်တည်ဆောက်ပေးရန် အိမ်ရာပန္နက်ရိုက်ပွဲသို့ တက်ရောက်၍ အိမ်ရာသစ် ပန္နက်တိုင်ကို စိုက်ထူပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်သွန်နီ၊ အာလူး၊ ငရုတ်သီးခြောက်နှင့် နို့မှုန့်ထုပ်တို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပန်းတောပြင်ကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရွေ့လျားဆေးကုသအဖွဲ့နှင့် တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

**❍ နိုင်ငံတော်၏မှ**
နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ဒေသခံပြည်သူများနှင့် ထောက်ခံပွဲဖြစ်မြောက်ရေး ကော်မတီများ တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် ကိစ္စများတွင် လူထုခေါင်းဆောင်၏ လုပ်ဆောင်ချက်များသည် ဘက်မလိုက်ဘဲ သမာသမတ်ကျကျနှင့် မှန်မှန်ကန်ကန် ဆောင်ရွက်နေခြင်းကြောင့် ဟသ်ာတမြို့သူ မြို့သား၊ နယ်သူ၊ နယ်သားများက ပြည်ပနိုင်ငံများသိရှိစေရန် အဆိုပါ ထောက်ခံပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ထောက်ခံပွဲဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**သစ်တောနဲ့ သစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရှေ့တိုက်ကိုစိုး**

# မောင်တောဒေသခံများအား ရွေ့လျားဆေးကုသမှုအစီအစဉ်ဖြင့် အရေးပေါ်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော အောက်တိုဘာ ၁၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ခံခဲ့ရသည့် မောင်တောဒေသရှိ ဒေသခံများအား ရွေ့လျားဆေးဝါးကုသမှုအစီအစဉ်ဖြင့် အရေးပေါ်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"နေပြည်တော်နဲ့ ပြည်နယ်ကတော့ လိုအပ်တဲ့ပံ့ပိုးမှုတွေနဲ့ အကြံဉာဏ်တွေပေးတာတွေလုပ်ပြီး သက်ဆိုင်ရာမောင်တောမြို့နယ် ကျန်းမာရေးဌာနအစီအစဉ်နဲ့ ဆောင်ရွက်ပါတယ်။ မောင်တောနဲ့ ဘူးသီးတောင် ရွေ့လျားဆေးအဖွဲ့တွေဖွဲ့ပြီး ကယ်ဆယ်ရေးစခန်းတွေအထိ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားခဲ့တာကြောင့် ရွေ့လျားအစီအစဉ်ကို ခေတ္တနားခဲ့ရပါတယ်။ ပြန်လည်တည်ငြိမ်ချိန်မှာတော့ လုံခြုံရေးအရ သွားလို့ရမယ့်နေရာတွေမှာ ချက်ချင်းပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က ပြောကြားသည်။

ရွေ့လျားကျန်းမာရေးအဖွဲ့သည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်၏ အခြားသောမြို့များတွင်လည်း ရွေ့လျားဆေးကုသရေးအစီအစဉ်ဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်နှင့်ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ရွေ့လျားဆေးဝါးကုသမှု အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ရွာပေါင်း ၁၀၀ ခန့်အား ရွေ့လျားဆေးအဖွဲ့ ၅၀ ကျော်ဖြင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




ယနေ့တွင်လည်း ရွေ့လျားကျန်းမာရေးအဖွဲ့သည် မောင်တောမြို့နယ်အတွင်းရှိ လောင်းဒုံကျေးရွာနှင့် ပန်းတောပြင်ကျေးရွာတို့သို့ သွားရောက်ဆေးဝါးကုသပေးခဲ့ပြီး ကျန်ရှိသည့်ကျေးရွာများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

# ကြက်ခြေနီအခမ်းအနား တပ်ဖွဲ့ဝင်များမူးလဲ၍ ကုသပေးခဲ့ရ

**မြစ်ကြီးနား အောက်တိုဘာ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြန်မာနိုင်ငံ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲအခမ်းအနားနှင့် ကတိသစ္စာခံယူပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက မိုးလုံလေလုံ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့ဝင်များ မူးလဲ၍ ရှေးဦးသူနာပြုစုနည်းဖြင့် လက်တွေ့ကုသပေးခဲ့ရကြောင်း သိရသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင် အင်အား ၂၂၀၊ အခြေခံပညာကျောင်းများမှ ကြက်ခြေနီအသင်းဝင် ၁၀၀၊ မြစ်ကြီးနားတက္ကသိုလ်မှ ကြက်ခြေနီအသင်းဝင် ၁၀ ဦးနှင့် အထက(၁) ကျောင်းမှ ဘင်ခရာတပ်ဖွဲ့ဝင် ၃၀ တို့က စစ်ရေးပြ ဂုဏ်ပြုအလေးပြုစဉ် တပ်ဖွဲ့ဝင် အမျိုးသမီးနှစ်ဦး မူးလဲသောကြောင့် တန်းဖြုတ်ပေးခဲ့ရပြီး အခမ်းအနား ပြီးဆုံးချိန်တွင် တာလောကြီးကျေးရွာမှ တက်ရောက်လာသော အမျိုးသမီးတပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံမူးလဲခဲ့သောကြောင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ သင်ကြားထားခဲ့သော ရှေးဦးသူနာပြုစုနည်းဖြင့် လက်တွေ့ ဝိုင်းဝန်းပြုစုခဲ့ရကြောင်း သိရသည်။

"တပ်ဖွဲ့ဝင်တွေက အိပ်ရေးပျက်တာရယ်၊ စစ်ရေးပြ လုပ်ထားရတော့ ပင်ပန်းတာရယ်၊ မနက်ကတည်းက အစာမစားရသေးတာတွေကြောင့် အားနည်းလို့ မူးလဲတဲ့သဘောပါ။ စိုးရိမ်စရာတော့ မရှိပါဘူး"ဟု တာလောကြီးတိုက်နယ်မှ တက်ရောက်လာသော တာဝန်ခံ ဒု-တပ်ဖွဲ့မှူး ဦးရဲလွင်ဦးက ပြောသည်။

အဆိုပါ တပ်အပ်ခြင်း အခမ်းအနားနှင့် ကတိသစ္စာခံယူပွဲ ကျင်းပရန်အတွက် တပ်ဖွဲ့ဝင်များအနေဖြင့် သီတင်းကျွတ် ကျောင်းပိတ်ရက်များကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ရသည်ဟု သိရသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများ၊ ပြည်နယ်အား/ကာမှ အရာရှိများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ထွေ/အုပ်မှ အရာရှိများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များမှ တပ်ဖွဲ့ဝင်များနှင့် မော်ဖောင်း၊ ရှဒေါင်၊ အကျဲ၊ လွယ်ခေါ်၊ အူးလောက် စသည့်ကျေးရွာများမှ တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တာလောကြီးတိုက်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**(မင်းမင်းဦး)**



# NCA စာချုပ်ချုပ်ဆိုခြင်း (၂)နှစ်ပြည့်အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ

**ကျောက်ကြီး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မီးတိုင်တောကျေးရွာအုပ်စု မီးတိုင်တောကျေးရွာ မုန်းချောင်း တစ်ဖက်ကမ်းနေရာတွင် NCA စာချုပ်ချုပ်ဆိုခြင်း (၂)နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် စာချုပ်ကို မူဘောင်တချို့ပါ ဆိုင်းဘုတ်တင်ခြင်းအခမ်းအနား အောက်တိုဘာ ၁၅ ရက်က ပြုလုပ်ခဲ့ကြသည်။

"ဒီအရပ်ဒေသမှာတော့ ခရီးသွားပြည်သူများတယ်လို့ ပြောလို့ရတယ်။ ဒီအကြောင်းအရာတွေကို ပြည်သူတွေ တကယ်သိရှိနားလည်အောင် ဒီလိုလုပ်ပေးတာ ကောင်းပါတယ်။ ဖြစ်နိုင်ရင် စုဝေးပွဲအမြင်ဖွင့်တဲ့ သင်တန်းတွေပါ လုပ်ပေးနိုင်ရင်ပိုကောင်းမယ်။ ဘာကြောင့်လဲဆိုရင် ဒီဆိုင်းဘုတ်တင်တဲ့အရာက ငြိမ်းချမ်းရေးကိုအခြေပြုသွားတဲ့စာချုပ်ဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတွေ ပိုပြီးပါဝင်လာနိုင်ပါလိမ့်မယ်"ဟု ရေအိုးစင်ကျေးရွာနေ ဦးဝင်းမြင့်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားသို့ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကိုကျောက်ကြီး)**

# ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**အင်းတော် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားနေကြသော မျိုးဆက်သစ် ကျောင်းသားလူငယ်များအား အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စာရေးဆရာ လင်းဇော်ဦး (မြစ်ကြီးနား)၊ စာရေးဆရာ အကြီးကိုကို(ကသာ)နှင့် စာရေးဆရာ စောနဒီ(မြစ်ကြီးနား)တို့က ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အား အသိပညာပေး ဟောပြောခြင်းနှင့် ကိုလ်လက်သစ်(ကဗျာဆရာ)က ကဗျာစပ်နည်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ စာရေးဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စာရေးဆရာ အကြီးကိုကို(ကသာ)က (အင်းတော်)အထကကျောင်း ဘင်ခရာတပ်ဖွဲ့အတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မြိုင် (အင်းတော်)**

# စဉ့်ကူးမြို့နယ်တွင် စတုတ္ထတန်းဘာသာရပ်ဆွေးနွေးပွဲ ပြုလုပ်

**စဉ့်ကူး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် စတုတ္ထတန်းဘာသာရပ် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက လက်ပန်လှ အခြေခံပညာအထက်တန်းကျောင်း ထွန်းရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်ဦးက စတုတ္ထတန်းဘာသာရပ်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးမြအေးက စာစစ်နှင့် မေးခွန်းများ အရေးပါပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများက အဖွဲ့ငါးဖွဲ့ခွဲ၍ ဘာသာရပ်ငါးခုကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စဉ့်ကူးမြို့နယ်အတွင်းရှိ စတုတ္ထတန်းသင် ဆရာ ဆရာမ ၂၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(မြို့နယ်ပြန်/ဆက်)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၁၆**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး ကန်တော်မင်္ဂလာပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ခြောက်ခုရရှိခဲ့ရာ နိုင်ငံတော်အတွက် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ ရောက်သည့်အပြင် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြှင့်တင်ရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည့်အတွက် ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း၊ အားကစားသမားများအနေဖြင့် ယခုလို အောင်မြင်မှုများကို အနာဂတ်သို့တိုင် ဆက်လက်ထိန်းသိမ်း သယ်ဆောင်သွားနိုင်ရေးအတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်နှင့် ယခုအောင်မြင်မှုမှာပင် ကျေနပ်မနေဘဲ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ ဆက်လက်ထိုးဖောက်နိုင်အောင် မျိုးဆက်သစ်လူငယ်များအား လက်တွဲပြီး ပိုမိုအောင်မြင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဘိလိယက်နှစ်ယောက်တွဲတွင် ငွေတံဆိပ်ရရှိသော အောင်ဌေးနှင့် စည်သူတို့အား ငွေကျပ် သိန်း ၂၀၊ ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိသော ချစ်ကိုအား ငွေကျပ် သိန်း ၂၀၊ 9 ball နှစ်ယောက်တွဲတွင် ငွေတံဆိပ်ရရှိသော မောင်မောင်နှင့် အောင်မိုးသူတို့အား ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသော နေသွေးဦးအား ငွေကျပ် ၁၀ သိန်း၊ စနူကာ တစ်ဦးချင်း ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ကိုထက်အား ငွေကျပ် ၁၀ သိန်း၊ စနူကာ နှစ်ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ကိုထက်နှင့် အောင်ဖြိုးတို့အား ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# YBS ၏ ခရီးသည်ဝန်ဆောင်မှုအတွက် ဝန်ဆောင်မှုနှင့် နည်းပညာကုမ္ပဏီများ ဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘတ်စ်ကားပို့ဆောင်ရေးစနစ် YBS တွင် ခရီးသည်များအား ဝန်ဆောင်မှုပေးခြင်း၊ ငွေပေးချေမှုတွင် ငွေထည့်ပုံးထဲထည့်သွင်းမှု၊ ကတ်စနစ်အသုံးပြုမှုစနစ်များနှင့် ယာဉ်များတွင် စီစီတီဗွီကင်မရာများ တပ်ဆင်ခြင်းတို့အတွက် စိတ်ပါဝင်စားသော ဝန်ဆောင်မှုနှင့် နည်းပညာကုမ္ပဏီများအား ဖိတ်ခေါ်လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

YBS ယာဉ်လိုင်းများတွင် အဆိုပါ ဝန်ဆောင်မှုစနစ်များကို ထားရှိစီစဉ်သွားမည်ဖြစ်သည့်အတွက် ဆောင်ရွက်လိုသော စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် မကြာမီက အသစ်ခန့်အပ်လိုက်သော YBS ၏ CEO ရုံးခန်းသို့ လာရောက်ဆွေးနွေးနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

ယင်းသို့ ဝန်ဆောင်မှုပေးသွားမည့် အစီအစဉ်များမှာ (၁) ခရီးသည်များ အတက်အဆင်းနှင့် ယာဉ်ပေါ်တွင် စနစ်တကျနေရာချထားပေးနိုင်ရန်၊ (၂) ခရီးသည်များ သတ်မှတ်ယာဉ်စီးခ နှုန်းထားပေးနိုင်ရန်(ငွေပုံးထဲထည့်သွင်းမှု၊ ငွေပေးချေကတ်အသုံးပြုမှု)၊ (၃)သတ်မှတ်ခရီးစဉ်အတွင်း ခရီးသည်များ လုံခြုံစိတ်ချစွာသွားလာနိုင်ရေး ယာဉ်မောင်းများ ထိန်းကျောင်းမောင်းနှင်စေခြင်းတို့ဖြစ်ပြီး အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းသုံးခုကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ခရီးသည်ယာဉ်ထိန်းကျောင်းသူ၊ လမ်းညွှန်ပြသနိုင်သောဝန်ထမ်းများ တာဝန်ပေးအပ်နိုင်ရန် ဝန်ထမ်းများထားရှိခြင်း၊ ကတ်အခြေခံလက်မှတ်စနစ် ဆောင်ရွက်ခြင်း၊ စီစီတီဗွီစနစ် ဆောင်ရွက်ခြင်းတို့ကို နည်းပညာများဖြင့် ပြောင်းလဲကျင့်သုံး ဆောင်ရွက်မည်ဖြစ်သည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ယာဉ်လိုင်းကုမ္ပဏီများ အများပိုင် အမြန်ဆုံးဖွဲ့စည်းထူထောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရက စက်တင်ဘာလလယ်ခန့်တွင် CEO တစ်ဦးခန့်အပ်ခဲ့ပြီး ၎င်းက YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယခု ဖိတ်ခေါ်ချက်ကို စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် လာရောက်ဆွေးနွေးနိုင်ပြီး ဖုန်းနံပါတ် ၀၉-၇၇၇၈၃၃၃၃၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

# (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့်အစည်းအဝေး၊ (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

(၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ အစည်းအဝေးများ ကျင်းပသည့် ရက်သတ္တပတ်ကို အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်ထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပြပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်ထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုညီလာခံကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆုချီးမြှင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# အများကိုသိမြင်ခဲ့သည့်လူငယ်သုံးဦး အကျိုးပြုအလုပ်များ ၁၂ ပတ် လုပ်ကိုင်မည်

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ အာဇာနည်ဗိမာန်တွင် တက်ရောက်ဆော့ကစားခဲ့ပြီး ဓာတ်ပုံများအား လူမှုကွန်ရက်ပေါ်သို့တင်ခဲ့သည့်အတွက် လူမှုရေးပြစ်ဒဏ်ခံယူသည့်အနေဖြင့် လူငယ်သုံးဦးသည် အောက်တိုဘာ ၁၅ ရက်တွင် အမှတ်(၃)ရပ်ကွက်ရှိ အာဇာနည်ကျောက်တိုင်၌ နှစ်နာရီကြာ သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ လူငယ်များအနေဖြင့် ၎င်းတို့သုံးဦးကို နမူနာယူ၍ အများပြည်သူအထွတ်အမြတ်ထားသည့်နေရာကို တန်ဖိုးထားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

"ကျွန်တော်တို့လည်း အဲဒီညက အရက်သောက်ထားမိတယ်။ ကျွန်တော်တို့ရဲ့ အပျော်လုပ်ရပ်က အများပြည်သူအထွတ်အမြတ်ထားတဲ့နေရာဖြစ်လို့ နောင်တရလို့မဆုံးဘူး။ ဒီအမှားအတွက် အများနဲ့သက်ဆိုင်တဲ့နေရာတွေကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နှစ်နာရီကြာ အကျိုးပြုလုပ်ငန်းတွေကို ၁၂ ပတ်အထိ လုပ်ပေးသွားမှာပါ။ လူငယ်တွေအနေနဲ့ ကျွန်တော်တို့ကိုနမူနာယူပြီး သတိပြုဆင်ခြင်နိုင်အောင် ကျွန်တော်တို့သုံးဦးရဲ့ပရိုဖိုင်နဲ့ Hein Htat Win အမည်နဲ့ဖွင့်ထားတဲ့ ဖေ့ဘွတ်အကောင့်ကနေ မိဘပြည်သူတွေကို ဝန်ချတောင်းပန်ပြီး ကျွန်တော်တို့သုံးဦး လူမှုရေးအကျိုးပြုဆောင်ရွက်မှုမှတ်တမ်းတွေကို လူမှုကွန်ရက်မှာ ပြန်တင်ပေးသွားမှာပါ"ဟု ၎င်းလူငယ်များက ပြောသည်။



အဆိုပါလူငယ်သုံးဦးမှာ ဘားအံမြို့နေ မောင်ထက်လင်းကို(၁၆)နှစ်၊ မောင်ဟိန်းမင်းဖြိုး(၂၀)နှစ်၊ မောင်ဝင်းအောင် (၁၇)နှစ် တို့ဖြစ်ပြီး ဘားအံမြို့ အာဇာနည်ဗိမာန်တွင် တက်ရောက်ဆော့ကစားခဲ့ပြီး ဓာတ်ပုံများအား အောက်တိုဘာ ၁ ရက်က Oo Oo အမည်ရအကောင့်ဖြင့် ဖေ့ဘွတ်ခ်စာမျက်နှာပေါ်သို့တင်ခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အောက်တိုဘာ ၉ ရက်က ဝန်ချတောင်းပန်ခြင်းနှင့် လူမှုရေးဆောင်ရွက်မှု ခံယူမည်ဖြစ်ကြောင်း ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဘားအံမြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များထံ ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ကာ ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**
**ဓာတ်ပုံ-ဖြိုးဝေဆက်**

# အခြေခံပညာ အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**ပေါက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကပိုင်(တ)ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံပညာရေးကဏ္ဍမြင့်တင်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့် အဆင်ပြေစွာရရှိစေရေးတို့အတွက် အခြေခံပညာကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ မြို့နယ်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်လာသည်နှင့်အမျှ ကျောင်းဆရာ ဆရာမများကလည်း သင်ကြားရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပိုမိုအလေးထားသင်ကြားပေးရန် တိုက်တွန်းခဲ့သည်။

အခြေခံပညာမူလတန်းအဆင့်ကို ၁၉၆၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တွဲဖက်အလယ်တန်းအဆင့်ကို ၁၉၈၆ ခုနှစ်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲကို ၂၀၁၁ ခုနှစ်၊ အခြေခံပညာအလယ်တန်းအဆင့်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ လက်ရှိကျောင်းသားဦးရေမှာ အခြေခံပညာမူလတန်းအဆင့် ၈၁ ဦးနှင့် အလယ်တန်းအဆင့် ၇၆ ဦး စုစုပေါင်း ၁၅၇ ဦးဖြစ်ကြောင်း သိရသည်။ **ညဏ်တိုး(ပေါက်)**

# မယ်စဲ့မြို့နယ်အတွင်း၌ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များ နယ်လှည့်ဆောင်ရွက်ပေး

**မယ်စဲ့ အောက်တိုဘာ ၁၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များကို နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း



သိရသည်။

ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မှတ်ပုံတင်မည့်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များ အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်းလုပ်ငန်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးသဖြင့် ယခင်ကထက် အချိန်ကုန် ငွေကုန်သက်သာသော်လည်း ဒေသခံအချို့က မှတ်ပုံတင်လိုင်စင်ပေးသွင်းငွေနှင့် ဒဏ်ကြေးငွေမြင့်မားသောကြောင့် မလုပ်ဆောင်ဘဲ ပြန်သွားသူများရှိသည်ဟု လိုင်စင်လုပ်ရန်လာသည့် ဆိုင်ကယ်ပိုင်ရှင်များထံမှ သိရသည်။

မယ်စဲ့မြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ်၊ သက်တမ်းတိုးယာဉ်နှင့် ဆိုင်ကယ် စုစုပေါင်း ၆၃ စီး၊ ယာဉ်မောင်းလိုင်စင်အသစ်နှင့် သက်တမ်းတိုးလိုင်စင် စုစုပေါင်း အစောင် ၉၀ ကို ပြုလုပ်ပေးခဲ့သည်။ အဆိုပါအဖွဲ့သည် ဖားဆောင်းမြို့နယ်၌ အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ၊ ဘောလခဲမြို့နယ်၌ အောက်တိုဘာ ၁၈ ရက်တို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းမျိုးမျိုးဟက်က ပြောကြားခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကြေးမုံသတင်းတိုများ

### မော်လမြိုင်၌ အမျိုးသားရေးအသိပညာပေးဟောပြော

**မော်လမြိုင် အောက်တိုဘာ ၁၆**

မွန်ပြည်နယ်အတွင်းရှိ အမျိုးသားရေးအဖွဲ့များမှ စုပေါင်းကျင်းပသည့် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်ဆန့်ကျင်ရှုတ်ချခြင်း၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖိအားပေးမှုဆန့်ကျင်ရှုတ်ချခြင်း လူထုဆန္ဒဖော်ထုတ်ပွဲနှင့် အမျိုးသားရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်း ရေပေါ်ဈေး၌ ပြုလုပ်သည်။

ရခိုင်ပြည်နယ်တွင် ကျဆုံးခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ အကြမ်းဖက်သတ်ဖြတ်ခံရသည့်အတွက် ဝမ်းနည်းကြောင်း နှစ်မိနစ်ခန့် ငြိမ်သက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

### ဘူးသီးတောင်မြို့နယ်တွင် အခမဲ့ဆေးကုသပေး

**ဘူးသီးတောင် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံဆရာဝန်များအသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ (ဘူးသီးတောင်ဇုန်) ဘူးသီးတောင်မြို့နယ် အရေးပေါ်ကူညီထောက်ပံ့ရေးအဖွဲ့နှင့် သစ်မင်းပရဟိတဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ဆေးခန်းဖွင့်လှစ်လျက်ရှိသည်။ အဆိုပါအဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်များမှ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒုက္ခသည်များနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးကုသပေးလျက်ရှိရာ အောက်တိုဘာ ၁၅ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ညနေ ၂ နာရီမှ ၅ နာရီအထိ အခမဲ့ဆေးကုသပေးမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

### ပခုက္ကူမြို့ မြို့မလမ်းပလက်ဖောင်းများ ဖျက်သိမ်းမည်

**ပခုက္ကူ အောက်တိုဘာ ၁၆**

ပခုက္ကူမြို့ မြို့မလမ်း ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရန် လမ်းဘေးဝဲ၊ ယာရှိ လူသွားလမ်းပလက်ဖောင်းများကို ရွှေချောင်းတံတားထိပ်မှ ဧရာဝတီတံတားလမ်းဆုံအထိ ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပလက်ဖောင်းဖျက်သိမ်းပါက လမ်းအကျယ် ၆ ပေမှ ၁၀ ပေအထိ တိုးလာနိုင်ကြောင်း စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။ **ကိုဇော်(ဓာတု)**

### ရေဘေးသင့်ကျေးရွာများအား ဆန်အိတ်များ ထောက်ပံ့

**မြစ်သား အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုများတွင် ရေများဝင်ရောက်ခဲ့ရာ ရေဘေးသင့်ကျေးရွာများအား မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် ဆန်စက်များမှ ထမင်းထုပ်များ၊ ဆန်အိတ်များကို အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။ ကျေးရွာအုပ်စုများအတွင်းသို့ အောက်တိုဘာ ၁၁ ရက်ညမှ စတင်ဝင်ရောက်ခဲ့သည့်မိုးရေများသည် အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်လျော့ကျခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# နေပြည်တော်၌ လက်နက်၊ ခဲယမ်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာ ၁၅ ရက် ညပိုင်းတွင် ဖြိုးကိုကိုတင့်ဆန်း၊ ဇော်ဝင်းထိုက်နှင့် ရဲမင်းဆွေတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်နှင့် ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် အောက်တိုဘာ ၁၅ ရက် ည ၇ နာရီ ၁၃ မိနစ်တွင် နေပြည်တော်မှ ရန်ကုန်သို့လိုက်ပါမည့်ခရီးသည် ဖြိုးကိုကိုတင့်ဆန်း၊ ဇော်ဝင်းထိုက်နှင့် ရဲမင်းဆွေတို့၏ ခရီးဆောင်အိတ်များကို စစ်ဆေးရာ ဖြိုးကိုကိုတင့်ဆန်း၏ ပြောက်ကျားကျောပိုးအိတ်အတွင်းမှ WY စိတ်ကြွဆေးပြား ၁၂ ပြား၊ ICE ၁ ဒသမ ၅ ဂရမ်၊ ဩစတြေးလျနိုင်ငံထုတ် ၉ မမ ပစ္စတိုနှစ်လက်နှင့် ယင်းကျည် ၇၂ တောင့်၊ ကျည်အိမ်နှစ်ခု၊ ဆက်သွယ်ရေးစက်သုံးလုံး၊ Phyo Ko Ko Tin San အမည်ပါ လေဆာတုံးတစ်ခု၊ နိုင်ငံကူးလက်မှတ်စာအုပ်တစ်အုပ်၊ အဝေးထိန်းယာဉ် (Drone) တစ်ခု၊ မှန်ဘီလူးတစ်ခု၊ ကင်မရာခြောက်လုံး၊ နာရီတစ်လုံး၊ Wifi လွှင့်စက်တစ်ခု၊ Memory Stick ၁၅ ခု၊ ဖုန်းသုံးလုံးတို့နှင့်အတူ ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်တစ်စီးတို့ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိခဲ့၍ အေလာရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"အမှုဖွင့်ထားပြီးပါပြီ။ မနေ့ညက ဆက်ပြီးတော့ ဟိုတယ် ACE ထဲကနေ လက်နက်တွေ ထပ်ပြီးတော့ သိမ်းဆည်းရမိပါတယ်။ အဲဒါတွေကတော့ အားလုံးမစုံသေးဘူး။ ကျွန်တော်တို့ စစ်နေတုန်းပဲရှိသေးပါတယ်"ဟု နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်က ပြောကြားသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူးကြီး ဒုရဲမှူးကြီးလှရီ ဦးဆောင်သည့်အဖွဲ့သည် ၎င်းတို့တည်းခိုသည့် ဟိုတယ် ACE သို့ဝင်ရောက်ရှာဖွေရာ ဖြိုးကိုကိုတင့်ဆန်း၏ အခန်းအတွင်းရှိ သံဗီရိုအတွင်းမှ လက်ဆွဲအိတ်နှစ်လုံး၊ ပစ္စတိုငါးလက်၊ ၉ မမကျည် ၆၃၈ တောင့်၊ အမ် ၁၆ ကျည်တောင့် ၂၀ နှင့် ၎င်းကျည်အိမ်နှစ်ခု၊ ၇ ဒသမ ၆၅ မီလီမီတာ (၃၂ Auto) ကျည် ၁၃၆ တောင့်၊ ပွိုင့် ၂၂ ကျည် ၁၀ တောင့်၊ ကျည်အိမ်အလွတ်ခုနစ်ခု၊ အမ် ၁၆ လက်ကိုင်ကွင်း တစ်ခု၊ ပစ္စတိုအိတ်အနက်ရောင်ငါးလုံး၊ ကျည်ကာအင်္ကျီတစ်ထည်၊ စနိုက်ပါမှန်ပြောင်းတစ်လက်တို့အားတွေ့ရှိပြီး ရဲမင်းဆွေနှင့် ဇော်မင်းထိုက်တို့၏ အခန်းမှလက်ဆွဲအိတ် သုံးလုံး၊ ပစ္စတိုနှစ်လက်နှင့် ယင်းကျည် ၁၆ တောင့်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဒက္ခိဏမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"လောလောဆယ် စစ်နေတုန်းပဲ ရှိပါသေးတယ်။ စစ်ဆေးနေတုန်းမို့ ကျွန်တော်တို့အသေးစိတ်တော့ ပြောလို့မရသေးပါဘူး။ နေပြည်တော်ကို လက်နက်တွေ ဘယ်လိုသယ်လာတာလဲဆိုတာကတော့ ကျွန်တော်တို့လည်း ပြောလို့မရသေးပါဘူး။ တခြားအဖွဲ့အစည်းတွေနဲ့ ပတ်သက်ဆက်နွှယ်မှုရှိသလား၊ မရှိဘူးလားဆိုတာကိုလည်း မသိသေးပါဘူး။ စစ်နေတုန်းမို့ပါ။ စစ်ဆေးချက်အသေးစိတ်ပေါ်ပေါက်မှ အကြောင်းစုံကို သိရမှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့ စစ်ဆေးနေပါတယ်။ ဥပဒေနဲ့အညီ အရေးယူသွားမှာဖြစ်ပါတယ်"ဟု ရဲမှူးကြီး ဇော်ခင်အောင်က ပြောသည်။



**သတင်း-ကိုမင်း**

**ဓာတ်ပုံ-Ministry of Home Affairs**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၄၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၃၃၁ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၉၇၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် အောက်တိုဘာ ၁၅ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ် နှစ်စီးနှင့် Light Truck ယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုးနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer (10×24) (300) Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၄၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer။**

# ပြည်မြို့နယ်၌ ကထိန်အလှူမှကျွေးသော အစာစားပြီး လူ ၆၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**ပြည် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်တွင် ကထိန်အလှူမှကျွေးသည့် ဒံပေါက်ထမင်းနှင့် ရေခဲမုန့်များစားသောက်ပြီး အစာအဆိပ်သင့်မှု လူ ၆၀ ကျော်ခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝက်ထီးကန်တိုက်နယ် နှောကန်အုပ်စု နှောကန်ရပ်ကွက်ရှိ မာတုကာရုံကျောင်းတိုက်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ပြုလုပ်သည့် ကထိန်အလှူပွဲ၌ ဒံပေါက်ထမင်းနှင့် အချဉ်သုပ်၊ ရေခဲမုန့်တို့ကို ကျွေးမွေးဧည့်ခံခဲ့သည်။ အလှူသို့လာရောက်ကြသူများအနေဖြင့် နောက်တစ်ရက် နံနက်ပိုင်းတွင် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြပြီး ဗိုက်အောင့်ခြင်း၊ ဝမ်းသွားခြင်းနှင့် ကိုယ်လက်များလေးလံခြင်းတို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ "ဘယ်လိုဖြစ်တာလဲဆိုတော့ ကျွန်တော်တို့ လုပ်တဲ့ကိုင်တဲ့လူတွေအားလုံး သိမ်းဆည်းပြီးတော့ ၁၁ နာရီလောက်မှာစားတယ်။ အဲဒါနဲ့ ညပိုင်းရောက်တော့ တစ်ယောက်ကဗိုက်အောင့်တယ်ဆိုပြီးကြားတာပဲ။ နောက်တော့ အလှူမှာလာစားတဲ့သူတွေ ပျို့တာ၊ အန်တာ ဗိုက်နာပြီး ဝမ်းသွားတာတွေဖြစ်ကုန်တော့တာပဲ။ စားတာကတော့ အလှူကကျွေးတဲ့ ဒံပေါက်နဲ့ ကြက်သားပေါ့။ ရေခဲမုန့်ကတော့ မစားတဲ့လူလည်းရှိတယ်။ စားတဲ့လူလည်းရှိတယ်။ လက်ရှိဖြစ်နေတာကတော့ အန်တယ်။ ခြေလက်တွေ သိပ်ပြီး မဆွဲချင်တော့ဘူး။ ဝမ်းသွားတာတွေများတယ်"ဟု နှောကန်ရပ်ကွက်မှ ရာအိမ်မှူး ဦးမောင်မောင်က ပြောသည်။

အဆိုပါအစာအဆိပ်သင့်မှုကြောင့် နှောကန်ရပ်ကွက်အတွင်းမှ လူဦးရေ ၆၀ ကျော်ခန့်ဖြစ်ပွားနေပြီး ယင်းဒေသအနီးတစ်ဝိုက်မှ အလှူသို့လာရောက်စားသုံးသည့် ကွက်သစ်(၂)ရပ်ကွက်မှ လူများလည်းဖြစ်ပွားနေကြောင်း၊ အောက်တိုဘာ ၁၅ ရက် ညနေပိုင်းထိ နှောကန်ရပ်ကွက်မှ အစာအဆိပ်သင့်လူနာ ၁၄ ဦး ဝက်ထီးကန်တိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေရကြောင်း သိရသည်။ လတ်တလောအခြေအနေအား ပြည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကေခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ယာယီဆေးခန်းဖွင့်လှစ်၍ ကုသမှုများပြုလုပ်ပေးလျက်ရှိနေသည်။ "အခုဖြစ်တာက အလှူကကျွေးတဲ့ ဒံပေါက်တွေစားပြီး ဒီနေ့ကျတော့မှ စားမိတဲ့လူတချို့မှာ ဖြစ်တဲ့လူများတာနဲ့ ဆေးခန်းလာဖွင့်ပေးတာပါ။ စောင့်ကြည့်ဖို့ လိုအပ်တဲ့လူရှိသလို ဆေးရုံပို့ဖို့လိုအပ်တဲ့ လူတွေကို ဆေးရုံပို့ထားပါတယ်။ ပြင်ပလူနာတွေအနေနဲ့ကတော့ ဒီမှာ ဆေးခန်းဖွင့် ကုသပေးနေပါတယ်။ စိုးရိမ်ရတဲ့လူနာတော့ မရှိပါဘူး"ဟု ဒေါက်တာ ကေခိုင်ဝင်းက ပြောသည်။

**ကိုလွင်(ဆွာ)**

# စက်တင်ဘာတစ်လအတွင်း ကျပ်သန်း ၃၀၀၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၁၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ စက်တင်ဘာလတစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၆ ဒသမ ၀၈၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းရမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁ ဒသမ ၂ သန်း)၊ ရန်ကုန်ဆိပ်ကမ်းတွင် တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆ ဒသမ ၄၀၆ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉ ဒသမ ၇၆၂ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆ ဒသမ ၇၆၉ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းက တားဆီးမှု ၁၇၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄ ဒသမ ၈၀၄ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၅၇၇ သန်းခန့်)၊ ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၂၇ သန်းခန့်)၊ ထားဝယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆ ဒသမ ၅၃၈ သန်းခန့်)၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂ ဒသမ ၇၃၈ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၈၁ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၄၈၀ သန်းခန့်)၊ လွိုင်ကော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၁၂၀ သန်းခန့်)၊ မူဆယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၈၈၃ သန်းခန့်) စုစုပေါင်း ၃၆၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၆ ဒသမ ၀၈၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် စက်တင်ဘာ ၁၅ ရက်က ကျိုက်ထိုဘူတာသို့ ဝင်ရောက်လာသော အမှတ် (၃၆) မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားအား သတင်းအရ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင် ကွမ်းစားဆေး "PARIJAT TOBACCO"(1x10x30) 97 Pkgs၊ "JAGMAG TOBACCO" (1x10x30) 172 Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇ ဒသမ ၆ သန်းအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# ခင်ဦးမြို့နယ်၌ လက်ပစ်ဗုံးဟောင်းတစ်လုံး တွေ့ရှိ

**ခင်ဦး အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အလယ်လျှိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယနေ့တွင် သတ္တမတန်းကျောင်းသား မောင်ချစ်သဲဦး (၁၃)နှစ်သည် ကျောင်းသို့လာစဉ် လမ်းတွင်တွေ့ရှိသော လက်ပစ်ဗုံးဟောင်းတစ်လုံးကို စာသင်ကျောင်းခန်းထဲသို့ ယူဆောင်လာကြောင်း သိရှိရသဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းက ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် တာယာကွင်း၊ သဲအိတ်တို့ဖြင့် ကာရံထားရှိပြီး သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြား၍ လာရောက်စစ်ဆေးရာ လက်ပစ်ဗုံးမှာ ၃၆ ခွင်းဗုံးဟုယူဆရသော (ပင်းနှင့်မောင်းတံ သံချေးတက်ပျက်စီးလျက်ရှိ) လက်ပစ်ဗုံးဖြစ်ကြောင်း၊ အဆိုပါလက်ပစ်ဗုံးကို ရွှေဘိုအမှတ်(၄) စစ်သားစုဆောင်းရေးတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**



## အာရှဖလားခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ရှိသေးတဲ့ မြန်မာ

မြန်မာအသင်းဟာ ကာဂျစ္စတန်ကို နှစ်ဂိုးစီ သရေသာကစားနိုင်လို့ အာရှဖလားခြေစစ်ပွဲအောင်ဖို့ ရှုန်းကန်ရနိုင်ပေမယ့် မျှော်လင့်ချက်မဲ့အခြေအနေတော့ မဟုတ်ပါဘူး။ အဲဒီပွဲမှာ ကစားသွားတဲ့ မြန်မာအသင်း ခြေစွမ်းကိုကြည့်ပြီး သုံးသပ်ရရင် အရင်ကထက် များစွာတိုးတက်လာပြီး အထူးသဖြင့် ဝေဖန်မှုတွေနဲ့ ယှဉ်ပါးနေပြီဖြစ်တဲ့ တိုက်စစ်မှူး ကျော်ကိုကို သူဟာ ဘာလို့ နည်းပြ ဂတ်ဆီဇီရဲ့ ဦးစားပေးတိုက်စစ်မှူး ဖြစ်နေရသလဲဆိုတာ သက်သေခံနိုင်တဲ့ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။

ဒီပွဲမှာ ကျော်ကိုကိုက ကိုယ်တိုင်ဂိုးသွင်းနိုင်ခဲ့သလို ဂိုးဖန်တီးမှု၊ နေရာယူမှုတွေအားလုံးမှာ ကောင်းမွန်ခဲ့ပြီး အောင်သူ၊ ရန်နိုင်ဦးတို့သာ ဒီထက်ပိုပြီး ဂိုးသွင်းသေချာမယ်ဆို ဂိုးပြတ်တောင် အနိုင်ရသွားနိုင်တဲ့ပွဲပါ။ မြန်မာအသင်းက အရင်က ကိုယ်နဲ့ အရပ်အမောင်းကွာဟတဲ့အသင်းတွေနဲ့တွေ့ရင် ဂိုးပြတ်၊ ခြေပြတ်အရေးနိမ့်တတ်ပေမယ့် ဒီပွဲမှာတော့ ကစားကွက်ကောင်းမွန်ခဲ့တဲ့အပြင် တစ်သင်းလုံးတက် တစ်သင်းလုံးဆင်းပုံစံနဲ့ ကစားသွားခဲ့သလို အပေးအယူအချိတ်အဆက်အပိုင်းမှာလည်း အရင်ကထက် တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိနဲ့ ကစားသွားတာကို တွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ကို ဦးဆောင်ကစားတဲ့ ကျော်ကိုကို၊ အောင်သူ၊ ရန်နိုင်ဦးနဲ့ စည်သူအောင်တို့အကြား နားလည်မှုပြည့်ဝတဲ့ပုံစံမျိုး ရှိလာတာက အားရစရာပါ။

ဒါပေမယ့် မြန်မာနောက်တန်းက အခုထိ အမှားများနေတာ၊ တစ်ဦးချင်း လူကပ်ကစားမှုမရှိဘဲ နေရာလွတ်တွေများနေတာ၊ တစ်နေရာတည်းမှာ လူစုနေတာတွေကတော့ မပြုပြင်နိုင်သေးတဲ့ အချက်ပါ။ ဒါကြောင့်လည်း ရတဲ့အခွင့်အရေးတိုင်းလိုလိုကနေ ကာဂျစ္စတန်တို့ သာသာယာယာ ဂိုးရယူနိုင်တာဖြစ်ပါတယ်။ ပရိသတ်တွေကတော့ အဝင်ကြမ်းလို့ ကာဂျစ္စတန်ဘက်ကို ပင်နယ်တီပေးခဲ့ရတဲ့ ဂိုးသမား သီဟစည်သူ၊ ကွင်းလယ်က အသင်းခေါင်းဆောင် ရန်အောင်ကျော်၊ နောက်ခံလူ ဇော်မင်းထွန်းတို့ရဲ့ကစားပုံကို အပြစ်တင်ခဲ့ကြပေမယ့် ဂိုးသမား သီဟစည်သူဆိုရင် ကာဂျစ္စတန်ရဲ့ သေချာပေါက် ဂိုးရသွားနိုင်မယ့်အနေအထား နှစ်ကြိမ်လောက်ကို ကာကွယ်ပေးခဲ့တာကိုတော့ မြန်မာပရိသတ်တွေ မမေ့သင့်ပါဘူး။

နောက်ပြီး ပြောစရာရှိတာက ဒီပွဲမှာ ချီးကျူးဖို့အကောင်းဆုံးက တိုက်စစ်မှူး ကျော်ကိုကိုဆို ဒုတိယနေရာမှာ ဒေးဗစ်ထန်းကို ထားရမှာဖြစ်ပါတယ်။ ဒေးဗစ်ထန်းပါတဲ့ပွဲဆို မြန်အသင်းတိုက်စစ်က ပိုပြီးအသက်ဝင်တတ်သလို တောင်ပံတိုက်စစ်မှူးတွေနဲ့ ချိတ်ဆက်ကစားမှုအပိုင်းဟာ အတော်လေးကို အချိတ်အဆက်မိတာကတော့ ချီးကျူးဖို့ကောင်းတဲ့အချက်ပါ။

မြန်မာတိုက်စစ်မှူး ကျော်ကိုကိုကတော့ နောက်လာမယ့်ပွဲမှာ အိန္ဒိယကိုအနိုင်ယူပြီး အာရှခြေစစ်ပွဲ အောင်မြင်ရေးအတွက် ရေကုန်ရေခန်းကြိုးစားသွားမယ်လို့ ပရိသတ်တွေကို ကတိပြုခဲ့ပါတယ်။ မြန်မာအသင်းက အိန္ဒိယနဲ့ ကစားမယ့်ပွဲမတိုင်မီ ကမ္ဘောဒီးယားကို သွားရောက်ပြီး ခြေစမ်းမှာဖြစ်ပေမယ့် ဒီခြေစမ်းပွဲမှာတော့ လူငယ်တွေကိုသာ ပွဲထုတ်သွားမှာဖြစ်ပါတယ်။ ပထမအကျော့ ကစားခဲ့စဉ်က မြန်မာအသင်းဟာ အိန္ဒိယကို နာကျင်အချိန်ပိုမှာ ပေးလိုက်ရတဲ့ဂိုးကြောင့်သာ အရေးနိမ့်ခဲ့ရတာဖြစ်ပြီး ခြေစွမ်းပိုင်းကတော့ ပိုပြီးတော့တောင် သာခဲ့တယ်ဆိုတာ ကြည့်ရှုခဲ့ကြသူတိုင်း သိရှိကြပါတယ်။ ဒါကြောင့် နည်းပြ ဂတ်ဆီဇီအနေနဲ့ သူကိုင်တွယ်သမျှ အရေးကြီးတဲ့ ပွဲစဉ်တွေတိုင်းမှာ နောက်ကျဂိုးတွေပေးပြီး ရှုံးနိမ့်ခဲ့ရတဲ့ အနေအထားကို မဖြစ်မနေပြင်ဆင်နိုင်ဖို့ လိုအပ်နေပါသေးတယ်။

မြန်မာဘောလုံးအဖွဲ့ချုပ်က လက်ရှိခန့်ထားတဲ့ နိုင်ငံခြားသား နည်းပြတွေရဲ့ စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်မယ်လို့ သိရပါတယ်။ လက်ရှိ ခန့်ထားတဲ့ နည်းပြတွေထဲမှာ နိုင်ငံခြားသားနည်းပြ နှစ်ဦးသာရှိပြီး လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဆီဇီနဲ့ အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြ နယ်သာလန်လူမျိုး ရော်ဂျာရွှိုင်နာတို့ ဖြစ်ပါတယ်။ ဒီနည်းပြ နှစ်ဦးအနက်မှာ အမျိုးသမီးနည်းပြချုပ် ရော်ဂျာရွှိုင်နာရဲ့အနာဂတ်က မရေမရာဖြစ်နေပြီဆိုပေမယ့် နည်းပြဂတ်ဆီဇီကိုတော့ အာရှ ခြေစစ်ပွဲရလဒ်အပေါ်ကြည့်ပြီး ဆုံးဖြတ်သွားနိုင်ဖွယ် ရှိနေပါတယ်။

### ပွဲစဉ်တွေ တရစပ်နွှဲနေဆဲ မြန်မာ

မြန်မာလက်ရွေးစင်အသင်းကြီးရဲ့ အာရှဖလားခြေစစ်ပွဲတွေဟာ နိုဝင်ဘာလအတွင်း ဆက်တိုက်ယှဉ်ပြိုင်သွားမှာဖြစ်သလို ဒီဇင်ဘာလအတွင်း မြန်မာယူ-၂၁ အသင်းနဲ့ ယူ-၂၃ အသင်းတို့ရဲ့ နိုင်ငံတကာဖလားပွဲတွေကိုလည်း ကြည့်ရှုခွင့်ရမှာဖြစ်ပါတယ်။ မြန်မာယူ-၂၁ အသင်းက ဗီယက်နမ်နိုင်ငံမှာကျင်းပမယ့် "International U-21 ThanhNine Newspaper Cup" ဖလား၊ မြန်မာယူ-၂၃ အသင်းကလည်း M-150 Cup 2017 ဖလားကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ယူ-၂၃ အသင်း ဝင်ပြိုင်မယ့်ဖလားပွဲက ထိုင်းဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတာဖြစ်ပြီး အရှေ့တောင်အာရှထိပ်သီး ထိုင်း၊ ဗီယက်နမ်တို့အပြင် အာရှအင်အားကြီးအသင်းတွေဖြစ်တဲ့ ဂျပန်၊ မြောက်ကိုရီးယား၊ ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အုပ်စု(က)မှာတော့ အာရှထိပ်သီးအသင်းတွေချည်းပါဝင်နေပြီး အုပ်စု(ခ)မှာတော့ ထိုင်း၊ ဗီယက်နမ်နဲ့ မြန်မာတို့ အတူကျရောက်နေပါတယ်။

ပွဲစဉ်ပုံစံအရတော့ တစ်အုပ်စုစီက ပထမရတဲ့အသင်းက ဗိုလ်လုပွဲယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပြီး ဒုတိယရတဲ့အသင်းက တတိယနေရာလုပွဲ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ မြန်မာအသင်းကတော့ ဗီယက်နမ်အသင်းနဲ့ ဒီဇင်ဘာ ၁၁ ရက်၊ ထိုင်းအသင်းနဲ့ ဒီဇင်ဘာ ၁၃ ရက်တို့မှာ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီဖိတ်ခေါ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့်လူစာရင်းကိုတော့ အာရှဖလားခြေစစ်ပွဲ ဝင်ပြိုင်နေတဲ့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ ပွဲစဉ်တွေ ပြီးဆုံးတဲ့ နိုဝင်ဘာလ နှောင်းပိုင်းမှသာ ဖွဲ့စည်းသွားမယ်လို့ ယေဘုယျလျာထားကြောင်း သိရပါတယ်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့ အသင်းခြောက်သင်းအနက် မြန်မာအသင်းကလွဲရင် ကျန်ငါးသင်းက အာရှဖလားခြေစစ်ပွဲအောင်မြင်ထားတဲ့ အသင်းတွေဖြစ်ပါတယ်။ မြန်မာအသင်းက ယူ-၂၃ အာရှဖလားခြေစစ်ပွဲကို ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့ရာမှာ ဘရူနိုင်းနဲ့ စင်ကာပူအသင်းတို့ကို အနိုင်ရခဲ့ပေမယ့် သြစတြေးလျအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့တာကြောင့် ခြေစစ်ပွဲမအောင်ခဲ့တာ ဖြစ်ပါတယ်။

### အသင်းကြီးတွေ ကပ်ဆိုက်တဲ့ ရက်သတ္တပတ်

နိုင်ငံတကာပွဲစဉ်တွေအပြီး ကစားခဲ့တဲ့ ယခုရက်သတ္တပတ်ဟာ ဥရောပကလပ်အသင်းကြီးတွေအတွက် ကပ်ဆိုက်တယ်လို့ဆိုလောက်အောင် ရလဒ်တွေ ယိမ်းယိုင်တာဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုလို့တောင် ဆိုရတော့မှာပါ။ ပရီမီယာလိဂ်မှာ လီဗာပူးနဲ့ မန်ယူ ထိပ်တိုက်တွေ့ဆုံခဲ့သလို လာလီဂါမှာလည်း အက်သလက်နဲ့ ဘာစီလိုနာ၊ စီးရီးအေမှာ အေစီမီလန်နဲ့ အင်တာမီလန်တို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲတွေပါဝင်နေပြီး အင်တာမီလန်က အေစီမီလန်ကို အနိုင်ယူခဲ့ပေမယ့် ကျန်တဲ့ပွဲစဉ်တွေကတော့ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် နိုင်ငံတကာပွဲစဉ်တွေအပြီး ယှဉ်ပြိုင်ရလို့ အသင်းကြီးတွေရဲ့ ကစားသမားတွေဟာ ပွဲပန်းနေကြပြီး ချယ်လ်ဆီးက တစ်ပွဲမှ နိုင်ပွဲမရသေးလို့ ဝေဖန်ခံနေတဲ့ အမှတ်ပေးဇယား အောက်ဆုံးက ခရစ္စတယ်ပဲလေ့စ်ကို အရေးနိမ့်ခဲ့သလို အာဆင်နယ်ကလည်း ဝက်ဖို့ဒ်ကို ရှုံး၊ ဒေ့ါမွန်ကလည်း လိုက်ပ်ဇစ်၊ ဂျူဗင်တပ်က လာဇီယိုကို တိုက်တိုက်ဆိုင်ဆိုင် အရေးနိမ့်သွားခဲ့တယ်။


ဒါကြောင့် ဥရောပတစ်ဝန်း အင်အားကြီးလိဂ်တွေထဲမှာ မန်စီးတီး၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်တို့လောက်သာ နိုင်ပွဲရပြီး ကျန်တဲ့အသင်းတွေကတော့ "မှန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့ကာလ" လို့ဆိုရပါမယ်။ ဒီအပတ်ထဲမှာ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ် ပွဲစဉ်တွေလည်း ကစားဖို့ရှိနေတဲ့အတွက် ဥရောပအသင်းကြီးတွေရဲ့ ခြေချော်မှုတွေကို ထပ်မံ မြင်တွေ့ရဖို့ ရှိပါတယ်။



မန်စီးတီးအသင်းဟာ အစောပိုင်းက မန်ယူကို ရမှတ်တူ ဂိုးကွာခြားချက်အသာနဲ့သာ အမှတ်ပေးဇယားကို ဦးဆောင်နေပေမယ့် ခုတော့ လီဗာပူးနဲ့ မန်ယူတို့သရေရလဒ်ကို အပြည့်အဝ အခွင့်အရေးယူနိုင်ကာ စတုတ်ကို ဂိုးပြတ်သွင်းပြီး သူတို့အသင်းဟာ ရပ်တန့်ဖို့ခက်ခဲတဲ့ အနေအထားရောက်နေပြီဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။ နည်းပြရွှိုင်းဟော့ဂ်ဆန်ရဲ့ ပဲလေ့စ်အသင်းကတော့ ၇၃၁ မိနစ်ကြာ ပရီမီယာလိဂ် ဂိုးပေါက်ပျောက်ဆုံးနေမှုဟာ ချယ်လ်ဆီးနောက်ခံလူ အက်စ်ပီလီကျူတာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် အဆုံးသတ်သွားပါတယ်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ဘာကာယိုကိုက ပြန်သွင်းယူခဲ့ပေမယ့် တိုက်စစ်မှူးဇာဟာက ပဲလေ့စ်အတွက် အနိုင်ဂိုးကို သွင်းယူသွားခဲ့ပြီး ပဲလေ့စ်တို့ ပရီမီယာလိဂ်ပထမဆုံး နိုင်ပွဲ စတွေ့သွားပြီဖြစ်ပါတယ်။ အခု ဇာဟာ သွင်းယူခဲ့တဲ့ဂိုးဟာ ပြီးခဲ့တဲ့ မေ ၁၄ ရက် ဟားလ်စီးတီးကို လေးဂိုးပြတ်နဲ့ အနိုင်ရယူတဲ့ပွဲမှာ ဗန်အနန်ဟော့ သွင်းယူပြီးနောက် ပဲလေ့စ်ကစားသမားတစ်ဦး ပထမဦးဆုံး သွင်းနိုင်တဲ့ဂိုး ဖြစ်လာခဲ့ပါတယ်။ ။

| အောက်တိုဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) | | | |
|---|---|---|---|
| စပါးတပ်စ်မော်စကို | - | ဆီဗီလာ | နံနက် ၁း၁၅ |
| မာရီဘော | - | လီဗာပူး | နံနက် ၁း၁၅ |
| မန်စီးတီး | - | နာပိုလီ | နံနက် ၁း၁၅ |
| ဖီယင်နော့ဒ် | - | ရှက်တာဒိုးနက် | နံနက် ၁း၁၅ |
| မိုနာကို | - | ဘီဆီတပ်စ် | နံနက် ၁း၁၅ |
| လိုက်ပ်ဇစ်ပ် | - | ပေါ်တို | နံနက် ၁း၁၅ |
| ရီးယဲလ် | - | စပါး | နံနက် ၁း၁၅ |
| အေပိုရယ် | - | ဒေ့ါမွန် | နံနက် ၁း၁၅ |

(ခိုင်ဝင်း)




မလွဲသင်း ရေးသားသည်



၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

**ယခင်အပတ်မှ အဆက်**

**(ထ) အာဆီယံအတွက် စိန်ခေါ်မှုများ**

အာဆီယံအတွက် ပထမစိန်ခေါ်မှုတစ်ရပ်ကတော့ ၂၀၁၂ ခုနှစ်မှာစတင်ခဲ့တဲ့ ဒေသဆိုင်ရာ စီးပွားရေးဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) ဆွေးနွေးပွဲတွေ အောင်မြင်မှုရရှိဖို့ ဆက်လက်ဆောင်ရွက်သွားရေးဖြစ်ပါတယ်။ RCEP ဆွေးနွေးပွဲတွေမှာ အာဆီယံကိုယ်စား ဦးဆောင်ဆွေးနွေးဖို့ အင်ဒိုနီးရှားနိုင်ငံကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားရှိပါတယ်။ ဒါပေမယ့် RCEP ဆွေးနွေးပွဲတွေဟာ နောက်ဆုံးအတည်ပြုချက်ရရှိဖို့ သတ်မှတ်ခဲ့တဲ့ အချိန်ကာလ နှစ်ရပ်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာရော၊ ၂၀၁၆ ခုနှစ်မှာပါ အောင်မြင်မှုမရရှိခဲ့တာကို တွေ့ရပါတယ်။

ဒီလိုအောင်မြင်မှု မရရှိခဲ့ရတဲ့ အဓိကအကြောင်းရင်းကတော့ အာဆီယံအနေနဲ့ သူ့ရဲ့မိတ်ဖက်နိုင်ငံ ခြောက်နိုင်ငံဖြစ်တဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့နဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွေ လက်မှတ်ရေးထိုးထားပေမယ့် ဒီခြောက်နိုင်ငံအကြားမှာတော့ နှစ်နိုင်ငံချင်းအလိုက် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်တွေ မရှိသေးခြင်းပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံအကြား၊ ဂျပန်နဲ့ တရုတ်နိုင်ငံအကြား လွတ်လပ်စွာနှစ်နိုင်ငံချင်းအလိုက် ကုန်သွယ်ရေးသဘောတူညီချက်တွေ မရှိသေးတာမျိုးပဲဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြားမှာ အပြန်အလှန် ဖြေလျှော့မှုတွေ ပြုလုပ်ကြရန် လိုအပ်နေသလို ဆွေးနွေးပွဲမှာ ပါဝင်နေတဲ့ ၁၆-နိုင်ငံအကြား အများသဘောတူလက်ခံနိုင်တဲ့ မူဘောင်တစ်ရပ်ရရှိရေးဟာ လက်တွေ့မှာ အခက်အခဲတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် RCEP ဆွေးနွေးပွဲတွေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အပြီးသတ်သဘောတူညီမှုတွေ ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားဖို့ အာဆီယံစီးပွားရေးဝန်ကြီးများကို တာဝန်ပေးအပ်ထားပြီ ဖြစ်ပါတယ်။

RCEPနဲ့အပြိုင် တစ်ချိန်တည်းမှာ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တဲ့ အခြားအစီအစဉ်တစ်ခုကတော့ ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးမိတ်ဖက်သဘောတူညီချက် (Trans-Pacific Partnership-TPP) ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက ဦးဆောင်ပြီး အချိန်ကာလကြာမြင့်စွာ ဆွေးနွေးလာခဲ့တဲ့ TPP ဆွေးနွေးပွဲတွေဟာ အောင်မြင်မှုတွေရရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က နယူးဇီလန်နိုင်ငံ အော့ကလန်မြို့မှာ TPP အဖွဲ့ဝင် ၁၂-နိုင်ငံအကြား သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ TPP သဘောတူညီချက်မှာ အာဆီယံအသင်းကြီးရဲ့ အဖွဲ့ဝင် လေးနိုင်ငံဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ ပါဝင်နေပါတယ်။

သို့သော်လည်း အမေရိကန်နိုင်ငံမှာ သမ္မတသစ်ဖြစ်လာတဲ့ ဒေါ်နယ်ထရမ့်က TPP သဘောတူညီချက်ကနေ နှုတ်ထွက်ခဲ့တဲ့အတွက် သဘောတူညီချက် အတည်ဖြစ်လာရေးဟာ သိသာထင်ရှားစွာပဲ မှေးမှိန်ခဲ့ရပါတယ်။ TPP သဘောတူညီချက် အတည်ဖြစ်ဖို့ အလားအလာ မှေးမှိန်သွားခြင်းဟာ အာဆီယံအဖွဲ့ကြီးနဲ့ RCEP သဘောတူညီချက်ရရှိရေးအတွက် အခွင့်အလမ်းကောင်းတွေ ရရှိလာစေခဲ့ပါတယ်။ သို့သော်လည်း ဒီနေရာမှာ မေးစရာရှိလာတာကတော့ ဒေသတွင်းကုန်သွယ်ရေးကိစ္စတွေမှာ အာဆီယံအဖွဲ့ကြီးရဲ့ ဦးစီးဆောင်ရွက်မှုကို တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က ဆက်လက်လက်ခံမလားဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ နိုင်ငံရေးအရလည်း လွှမ်းမိုးနိုင်မှု မြင့်မားလာသလို စီးပွားရေးအရလည်း အင်အားကြီးမားလာတဲ့အတွက် RCEP သဘောတူညီချက်ရရှိရေးအတွက် ဦးစီးဆောင်ရွက်လာနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျပန်နိုင်ငံကလည်း အမေရိကန်နိုင်ငံမပါဝင်တဲ့ TPP သဘောတူညီချက် ဖြစ်ပေါ်လာရေးအတွက်လည်း ကြိုးပမ်းလာနိုင်ပါတယ်။ အကယ်၍သာ RCEP သဘောတူညီချက်ရရှိရေးမှာ တိုးတက်မှုတွေ မရရှိဘူးဆိုရင် အာဆီယံအဖွဲ့ကြီးအတွက် အဆိုးဆုံးဖြစ်လာနိုင်တဲ့အနေအထားကတော့ တရုတ်နိုင်ငံဟာ ဂျပန်၊ တောင်ကိုရီးယားတို့နဲ့ သုံးနိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ရရှိရေးအတွက် အားထည့်ဆောင်ရွက်လာမယ့်အခြေအနေပဲ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်း RCEP ဆွေးနွေးပွဲမှာ သဘောတူညီချက်တွေ ရရှိခဲ့မယ်ဆိုရင် အာဆီယံအဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကို မြင့်မားလာစေမှာဖြစ်သလို အာဆီယံအဖွဲ့ကြီးရဲ့ အရေးပါမှုကိုလည်း ဆက်လက် အာမခံနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ကြီးနဲ့ RCEP ဆွေးနွေးပွဲကို ဦးဆောင်နေတဲ့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ဆွေးနွေးပွဲတွေမှာ အယူအဆသစ်တွေ ပေါ်ထွက်လာစေရေးနဲ့ ဆွေးနွေးပွဲတွေကို ဆက်လက်ဦးဆောင်ဖို့နဲ့ သဘောတူညီချက်တွေရရှိဖို့ လိုအပ်တဲ့ ခေါင်းဆောင်မှုစွမ်းရည်တွေ ရှိလာနိုင်မလားဆိုတာ သေချာရေရာမပြောနိုင်သေးတဲ့ အခြေအနေမှာရှိပါတယ်။ အင်ဒိုနီးရှားသမ္မတဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာမှာ RCEP လို APEC လို နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေထက် နှစ်နိုင်ငံချင်းအလိုက် ကုန်သွယ်ရေးသဘောတူညီချက်တွေ ရယူဆောင်ရွက်တဲ့အပေါ် ပိုမိုအာရုံစိုက်ဆောင်ရွက်နေပါတယ်။

“မကြာသေးမီအချိန်တွေက တောင်တရုတ်ပင်လယ် အရေးကိစ္စနဲ့ ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ရပ်တည်ချက်တစ်ခုတည်းရရှိဖို့ ခက်ခဲလာတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အဆိုးရွားဆုံး အခြေအနေကတော့ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ကျင်းပခဲ့တဲ့ (၄၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးရဲ့ ပူးတွဲကြေညာချက် . . .”




တောင်တရုတ်ပင်လယ်အတွင်းနယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု အခြေအနေပြမြေပုံ

ရင်ဆိုင်နေရတဲ့ နောက်ထပ်စိန်ခေါ်မှုတစ်ခုကတော့ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား ပိုမိုပြင်းထန်လာတဲ့ အားပြိုင်မှုမှာ ကြားနေရေးမူဝါဒကို ဘယ်လိုဆက်လက်ထိန်းသိမ်းထားမလဲဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဆွေးနွေးပွဲတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှာ သူတို့ရဲ့ အကျိုးစီးပွားကို မထိခိုက်စေတဲ့ ညှိနှိုင်းဆောင်ရွက်ပေးသူအဖြစ် အာဆီယံကို အမေရိကန်နဲ့ တရုတ်နိုင်ငံက လက်ခံထားမှုအပေါ် မူတည်ပြီး အာဆီယံအသင်းကြီးဟာ ဒေသတွင်းမှာ အရေးပါတဲ့ ဗဟိုချက်နေရာကနေ ဝင်ရောက်ဆောင်ရွက်နေနိုင်တာ ဖြစ်ပါတယ်။

မကြာသေးမီအချိန်တွေက တောင်တရုတ်ပင်လယ် အရေးကိစ္စနဲ့ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ရပ်တည်ချက်တစ်ခုတည်းရရှိဖို့ ခက်ခဲလာတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အဆိုးရွားဆုံး အခြေအနေကတော့ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ကျင်းပခဲ့တဲ့ (၄၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးရဲ့ ပူးတွဲကြေညာချက်မှာ တောင်တရုတ်ပင်လယ်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်စာသားတွေထည့်မယ်၊ ဘယ်စာသားတွေကို ဖြုတ်မယ်ဆိုတာနဲ့ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်တွေအကြား သဘောတူညီမှုမရရှိခဲ့တဲ့အတွက် ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိတာ ဖြစ်ပါတယ်။ ဒါဟာ အာဆီယံရဲ့ သမိုင်းကြောင်းမှာ ပူးတွဲကြေညာချက် မထုတ်ပြန်နိုင်ခဲ့တဲ့ ပထမဆုံးအစည်းအဝေး ဖြစ်လာခဲ့ပါတယ်။ နောက်ထပ်သိသာထင်ရှားတဲ့အချက်တစ်ခုက တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံက နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့က အပြည်ပြည်ဆိုင်ရာတရားရုံးဖြစ်တဲ့ Permanent Court of Arbitration ကို ဖြေရှင်းပေးဖို့ တင်သွင်းခဲ့တဲ့အပေါ် တရားရုံးက တရုတ်နိုင်ငံရဲ့ ပိုင်ဆိုင်ကြောင်းကြေညာမှုကို အသိအမှတ်မပြုကြောင်း ၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက်က ဆုံးဖြတ်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အာဆီယံရဲ့ ပူးတွဲကြေညာချက်လည်း မထုတ်ပြန်ခဲ့သလို အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီကထုတ်ပြန်တဲ့ ကြေညာချက်တွေမှာလည်း သက်ဆိုင်တဲ့နိုင်ငံတွေ မထိခိုက်စေမယ့် ယေဘုယျသဘောဆန်တဲ့ ကြေညာချက်တွေကိုသာ ထုတ်ပြန်ခဲ့ကြပါတယ်။

ဒါပေမယ့်လည်း တရုတ်နိုင်ငံက ပညာရှင်တွေ၊ သတင်းဌာနတွေကတော့ အာဆီယံအဖွဲ့ကြီးဟာ တောင်တရုတ်ပင်လယ်အရေးကိစ္စမှာ အမေရိကန်နိုင်ငံ ထဲထဲဝင်ဝင်ပါဝင်လာစေဖို့ ကြိုးပမ်းနေကြပြီး နိုင်ငံတကာကိစ္စရပ်တစ်ခုအသွင် ဖြစ်လာစေရေးအတွက် လုပ်ဆောင်နေကြတယ်လို့ စွပ်စွဲခဲ့ကြပါတယ်။ ဒါ့အပြင် တောင်တရုတ်ပင်လယ်အတွင်းမှာ အမေရိကန်နိုင်ငံက တပ်အင်အားပိုမိုချထားလာမှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ မသိကျိုးကျွန်ပြုနေကြခြင်းဖြင့် အမေရိကန်ဘက်ကို ယိမ်းတဲ့သဘောတွေ ပြလာတယ်လို့လည်း စွပ်စွဲခဲ့ကြပါတယ်။ တောင်တရုတ်ပင်လယ်အတွင်း ဧရိယာအကျယ်အဝန်းအတော်များများကို တရုတ်နိုင်ငံက သူ့ရဲ့ပိုင်နက်နယ်မြေအဖြစ် သတ်မှတ်ထားပေမယ့် အမေရိကန်နိုင်ငံကတော့ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်အဖြစ်ခံယူပြီး လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် ရှိရမယ်လို့ ပြောကြားလှုပ်ရှားလျက်ရှိပါတယ်။

**စာမျက်နှာ ၁၈ သို့**

## နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့လမ်းလျှောက်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၁၆**

မသန်လည်းလူ၊ သန်လည်းလူ စွမ်းဆောင်ခြင်းသာအဓိကဟူသည့် ခံယူချက်ကိုယ်စီဖြင့် မသန်စွမ်းသူများ သာမန်လူ့အသိုင်းအဝိုင်းအတွင်း ပါဝင်ခွင့်ရရှိစေရန် ရည်ရွယ်သည့် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ ( International White Cane Day) အထိမ်းအမှတ်လမ်းလျှောက်ပွဲတစ်ရပ်ကို မကွေးမြို့၌ အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

"မျက်မမြင် လမ်းလျှောက်တုတ်နေ့ဆိုပေမယ့် မျက်မမြင်တွေချည်းပဲ လမ်းလျှောက်တဲ့ပွဲ မဟုတ်တော့ဘဲနဲ့ မသန်စွမ်းသူတွေရဲ့ လှုပ်ရှားမှုပွဲလေးတစ်ခုဖြစ်လာအောင် လုပ်ပေးတဲ့သဘောပါ။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ယူပြီး လူမှုဝန်ထမ်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ (မီလီ-မကွေး) တို့ပေါင်းလုပ်ပါတယ်။ မနှစ်ကနဲ့ကွာခြားချက်တစ်ခုက ပရဟိတအဖွဲ့တွေရဲ့ ပံ့ပိုးမှုတွေ အများကြီးပါဝင်လာတာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးသစ္စာက ပြောသည်။

လမ်းလျှောက်ပွဲတွင် နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ မကွေးမြို့နယ်နှင့် မိကျောင်းရဲဒေသတို့မှ မျက်မမြင်နှင့် မသန်စွမ်းသူ ၈၀ ကျော်ပါဝင်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများ၊ မကွေးပရဟိတ၊ စည်ဖြိုးသူဖောင်ဒေးရှင်း၊ သဒ္ဓါရှင်ရွှေရောင်လက်များ စသည့်လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများဝန်းရံကာ အထက(၁)လမ်း၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း အစဉ်အတိုင်း အလက(ကန်သာကျောင်း)အထိ လမ်းလျှောက်ခဲ့ကြသည်။

"မနှစ်ကတုန်းက ၉ နာရီလောက်စလျှောက်တာ။ နေပူတော့ ဒီနှစ်ကိုစောလိုက်တယ်။ မနှစ်ကရန်ပုံငွေ ကောက်တဲ့သူတွေကို အထင်အမြင်တွေလွဲခံခဲ့ရတာတွေရှိခဲ့ပါတယ်။ ဒီနှစ်တော့ ပရဟိတအဖွဲ့တွေကအလှူရှင်ရှာပြီး အထိမ်းအမှတ်အကျီလေးတွေ လုပ်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်တော့ ပိုကောင်းတာပေါ့ဗျာ" ဟု မကွေးပရဟိတအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမိုးက ပြောသည်။

လမ်းလျှောက်ပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်တို့ ပါဝင်အားဖြည့်ခဲ့ကြောင်းသိရပြီး လမ်းလျှောက်ပွဲအပြီးတွင် စည်ဖြိုးသူဖောင်ဒေးရှင်း၏အစီအစဉ်ဖြင့် နေ့လယ်စာ ထမင်းဘူးအာဟာရဒါနများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



## ပဲစင်းငုံဈေးနှုန်းများဆယ်တင်နိုင်ရေးအကြံပြုဆွေးနွေး




**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးစိုက်ပျိုးပြီး တင်ပို့ရောင်းချလျက်ရှိသော ပဲစင်းငုံသီးနှံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တစ်ပိုင်တစ်နိုင် ဆယ်တင်နိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မုံရွာကုန်စည်ဒိုင်မှ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ ဆုတောင်းပြည့် ဘုရားကြီးဝင်းအတွင်းရှိ အစည်းအဝေးခန်း၌ တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ ပဲစင်းငုံသီးနှံရောင်းရေး၊ ဝယ်ရေးကိစ္စတွေ၊ စားရေး၊ သောက်ရေးကိစ္စတွေကို ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ တာဝန်ရှိတဲ့အပိုင်းမှာ ဘာလုပ်ရမလဲဆိုတာ သေသေချာချာနားမလည်ဘူး၊ ဥပမာ ကုလားပဲနဲ့ချက်တဲ့ ပဲဟင်းလိုနေရာမှာ ပဲစင်းငုံကို သေသေချာချာအခွံချွတ်ပြီး ချက်ရင်လည်း ကောင်းတာဖြစ်တဲ့အတွက် အခြားအလှူပွဲတွေမှာလည်း သုံးနိုင်တယ်။ နောက်ပြီး မုန့်တွေမှာလုပ်နေတဲ့ အခြားပဲနေရာတွေမှာ ပဲစင်းငုံကိုအစားထိုးသုံးမယ်ဆိုရင်လည်း အဆင်ပြေနိုင်မှာပါ။ ပဲပေါင်မုန့်၊ ပဲလမုန့်၊ ပဲကိတ်၊ ပဲကပ်ကြော်၊ ပဲကြမ်းကြော်၊ ဘယာကြော်လို ဟာမျိုးတွေပေါ့။ ပဲကြာဆံတွေမှာ အစားထိုးလုပ်နိုင်မယ်လို့မျှော်လင့်ရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မုံရွာကုန်စည်ဒိုင်နာယက ဦးတင်အောင်က "အရင်တုန်းကတော့ ပဲစင်းငုံကို ကြာဆံစက်လောက်ပဲသုံးပါတယ်။ နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ပဲစင်းငုံကို အသုံးများခဲ့တဲ့အတွက် ပြည်တွင်း ဈေးနှုန်းတွေမြင့်တက်လာခဲ့ပါတယ်။ အခု အဲဒီပဲမျိုးတွေကို တင်သွင်းခွင့် ကန့်သတ်လိုက်တဲ့အတွက် ဈေးနှုန်းတွေ ပြန်လည်ကျဆင်းခဲ့တာဖြစ်ပါတယ်။ ကုလားပဲတစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက်ရှိပါတယ်။ ပဲစင်းငုံခြမ်း တစ်ပိဿာကို ငွေကျပ် ၁၂၀၀ လောက်ပဲရှိပါတယ်။ အဲဒီလို ဈေးကွာခြားချက်ကို စားသုံးသူတွေ သိလာလို့ ဝယ်ယူစားသုံးလာနိုင်မယ်ဆိုရင် ထိုက်သင့်အားလျော်စွာ အဆင်ပြေနိုင်ပါတယ်။ မန္တလေးနဲ့ မုံရွာမြို့တွေမှာ လုပ်နေတဲ့ ပဲလမုန့်၊ ပဲကိတ်တွေမှာ အစားထိုးအသုံးပြုမယ်ဆိုရင် သုံးစွဲသူတွေလည်း ဈေးနှုန်းသက်သာမယ်။ အခုလို ပဲဈေးနှုန်းနိမ့်ကျမှုကိုလည်း ဆယ်တင်ရာရောက်သလို စားသုံးသူတွေကိုလည်း ထိခိုက်မှုမရှိနိုင်ပါဘူး။ နိုင်ငံခြားဈေးကွက်ကိုအားကိုးနေရတဲ့ အခြေအနေလည်း လျော့နည်းသွားမယ်လို့ ထင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ၎င်းသီးနှံများကို အများဆုံးတင်ပို့လျက်ရှိသော အိန္ဒိယမှ တင်သွင်းခွင့်ကန့်သတ်မှုကြောင့် ယခုနှစ်တွင် ပြည်တွင်းတွင် ပဲစင်းငုံတစ်တင်းလျှင်ငွေကျပ် ၁၁၅၀၀၊ မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀၊ ပဲတီစိမ်း တစ်တင်းလျှင်ငွေကျပ် ၂၇၀၀၀ နှုန်းအထိ ဈေးနှုန်းများကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တစ်အိမ်ထောင်လျှင် ဝါး ၁၀ ရုံစိုက်ပျိုးရေးစီမံချက် ဒုတိယအကြိမ်အကောင်အထည်ဖော်

**စစ်ကိုင်း အောက်တိုဘာ ၁၆**

တစ်အိမ်ထောင်လျှင် ဝါး ၁၀ ရုံ စိုက်ပျိုးရေးစီမံချက်ကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ်စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းကို ၂၀၁၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဝါးစိုက်ပျိုးဖို့အတွက် ဝါးပင်ကို အခမဲ့ဖြန့်ပေးတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီးထဲက ၃၇ မြို့နယ်မှာ ကန့်ဘလူ၊ ကျွန်းလှ၊ ရွှေဘိုတို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ အခုနှစ်မှာ ဝေဠုကျော်ဖောင်ဒေးရှင်းနဲ့ပူးပေါင်းပြီး ဝါးမျိုးစုံ အပင်သုံးသောင်းကို ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ ရွှေဘို၊ ခင်ဦး၊ ရေဦးနဲ့ တန့်ဆည်မြို့တွေက အိမ်ထောင်စုတွေကိုပေးဝေ စိုက်ပျိုးသွားစေမှာဖြစ်ပါတယ်" ဟု ဝါးစိုက်ပျိုးရေးအသင်း တာဝန်ရှိသူက ပြောပြသည်။

ဝါးထွက်ကုန်များကို အခြေခံ၍ ဝါးမီးသွေး၊ ဝါးဘင်နီကာ၊ ဝါးအလှကုန်ပစ္စည်း၊ ဝါးအိမ်၊ ဝါးခေါင်းလျှော်ရည် စသော လူသုံးကုန်ပစ္စည်းကုန်ချောများ ထုတ်လုပ်နိုင်အောင်လည်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက သင်တန်းများပေးနေကြောင်း သိရသည်။



"အရင်က ဘုန်းကြီးကျောင်းတွေကို ဦးတည်ရာက အခုအိမ်တွေမှာစိုက်ချင်သူတွေအတွက် တစ်အိမ်ထောင်ကိုဝါး ၁၀ ရုံပေးမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကြသောင်းဝါးကိုစမ်းစိုက်တာ အောင်မြင်လို့ အပင် ၁၇၀၀၀ ကိုဖြန့်မှာဖြစ်ပါတယ်။ အဓိကကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေးတို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဝါးကနေ လူသုံးကုန်ပစ္စည်းထုတ်လုပ်နိုင်တဲ့ သင်တန်းတွေပေးနေပါတယ်။ ဝါးပြန်ဝယ်ဖို့ဈေးကွက်တွေလည်းရှိပါတယ်" ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း အမှုဆောင်တစ်ဦးက ပြောပြသည်။

လာမည့် ၂၀၁၈ ခုနှစ်တွင် ဝါးစိုက်ပျိုးရေးစီမံချက်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အသား ငါးနှင့် ကုန်ပစ္စည်းများအလေးချိန်ခွင်မပြည့်ပါက အရေးယူမည်

**မင်းတုန်း အောက်တိုဘာ ၁၆**

မင်းတုန်းမြို့ပေါ်ရှိ ပွဲရုံ၊ ကုန်စုံဆိုင်နှင့် ဈေးဆိုင်များမှ စားသုံးသူပြည်သူအများစုထံ ရောင်းချသော အသားငါး၊ ကုန်ပစ္စည်းများတွင် အလေးချိန်ခွင်ပြည့်ဝခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိပါက ပြစ်ဒဏ်ချမှတ် အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"အလေးချိန်ခွင်၊ အခြင်အတွယ် မပြည့်မီတာတွေကို ရှောင်တခင်စစ်ဆေးနေပါတယ်။ စစ်လို့ မပြည့်ဘူးဆိုရင် စည်ပင်ကော်မတီနဲ့ညှိနှိုင်းပြီးတော့ တစ်ကြိမ်တစ်ခါဆိုရင် သတိပေး မှတ်တမ်းတင်တာ လုပ်မယ်။ ဒုတိယအကြိမ်ဆိုရင် စီမံခန့်ခွဲမှု ငွေဒဏ်တပ်ရိုက်ပါမယ်။ တတိယအကြိမ်ဆိုရင်တော့ ဘယ်လိုပြစ်ဒဏ်ပေးရမလဲဆိုတာ တိုင်းဒေသကြီးအဆင့်ကို တင်ပြဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။



စစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရောင်းချသည့်နေရာများမှ အလေးချိန်ခွင်၊ ကတ္တားအခြင်အတွယ်များကို စစ်ဆေးခြင်းအပြင် ဈေးဝယ်ပြီးဆိုင်အတွင်းမှ ထွက်လာသော ပြည်သူများထံမှ ကုန်ပစ္စည်းများကို စည်ပင်သာယာရေး အဖွဲ့ပိုင် ဒစ်ဂျစ်တယ်ကတ္တားဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးမှုများ ရှောင်တခင်ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မြို့မဈေးထဲက မနက်ခင်းဈေးမှာ ဈေးဆိုင် ၄၈ ဆိုင်နဲ့ ပုံကျဈေးသည် ၅၀ လောက်ရှိပါတယ်။ အောက်တိုဘာ ၁၄ ရက်ကစပြီး ဈေးထဲမှာ စစ်ဆေးကြပ်မတ်မှုတွေ စလုပ်ပါတယ်။ မင်းတုန်းမြို့ပေါ်မှာရှိတဲ့ ပွဲရုံ၊ ကုန်စုံဆိုင်၊ ဈေးဆိုင် ၂၀ လောက်ကိုလည်း ရှောင်တခင်စစ်ဆေးမှုတွေ လုပ်နိုင်ခဲ့ပါတယ်။ လတ်တလော အရေးယူရဖို့ထိတော့ မတွေ့သေးပါဘူး" ဟု စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါစစ်ဆေးမှုများကို မင်းတုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းဝင်း၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း၊ စည်ပင်ကော်မတီအဖွဲ့ဝင် ဦးလှရွှေ၊ ဦးဝင်းမြင့်၊ ဦးတင့်ခိုင်နှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## စစ်တောင်းမြစ်ကမ်းပါးပြိုမှု သဲအိတ်များဖြင့်ကာကွယ်

**တောင်ငူ အောက်တိုဘာ ၁၆**
မြန်မာနိုင်ငံအတွင်း မြောက်မှတောင်သို့ရှည်လျားစွာ စီးဆင်းလျက်ရှိသော စစ်တောင်းမြစ်၏ အထက်ပိုင်းဒေသများတွင် မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် မြစ်ရေအတက်အကျ နှစ်လကျော်ကြာဖြစ်ပေါ်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက် ကမ်းပါးပြိုကျမှုများ နေရာဒေသအနှံ့အပြား၌ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ထိုသို့ကမ်းပါးပြိုကျမှုများတွင် စက်တင်ဘာလဆန်းပိုင်းမှစတင်၍ မြစ်ရေတိုက်စား ခံနေရသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၌ မြစ်ရေဝင်ရောက်မှု မရှိစေရန်တည်ဆောက်ထားသော ကမ်းတာပေါင်းမှာ အောက်တိုဘာ ၁၄ ရက်အထိ အရှေ့နှင့်အနောက် အရှည်ပေ ၃၀၀ ကျော်ပြိုကျသွားခဲ့သဖြင့် ဒေသတွင်းခရီးသွားလာမှုအခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်အပြင် မြစ်ကမ်းတာပေါင်းနှင့် ပန်းတာကြားရှိ လူနေအိမ် ၄၀ ကျော်အား မြစ်ရေဝင်ရောက်မှုမရှိစေရန် တောင်ငူမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တောင်ငူတပ်နယ်မှ တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များစုပေါင်း၍ မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ သဲအိတ်များအစီအရီဖို့၍ ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

စစ်တောင်းမြစ်ရေမှာ ဆက်လက်မြင့်တက်နေဆဲ အခြေအနေတွင်ရှိကာ မြစ်ရေဝင်ရောက်မှုမရှိစေရန် အလျင်အမြန်ဆောင် ရွက်နိုင်ခဲ့ခြင်းကြောင့် မြစ်ကမ်းတာနှင့် ပန်းတာအကြားရှိ လူနေအိမ်များအတွက် စိတ်သက်ရာရခဲ့ကြရကြောင်း ရွာတန်းရှည်ကျေးရွာ ဒေသခံများက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 09) ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆန်းစစ်ခြင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၆**
ရာသီတုပ်ကွေး ရောဂါ (Seasonal Influenza A (H1N1) pdm 09) ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆန်းစစ်ခြင်း အစည်းအဝေး ( Evaluation Meeting on Prevention & Control of Seasonal Influenza A(H1N1) pdm09 ) ကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ရာသီတုပ်ကွေးရောဂါသည် နှစ်စဉ်ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ပြီး တစ်ကမ္ဘာလုံး ကပ်အသွင်ဖြစ်ပွားတတ်သည့် Pandemic Potential ရှိသည့် ရောဂါဖြစ်သည့်အတွက် ရာသီတုပ်ကွေးရောဂါအပါအဝင် အခြားကူးစက်မြန်ရောဂါများ တုံ့ပြန်ရေးလုပ်ငန်းများအား ယခုဖြစ်စဉ်အပေါ် သုံးသပ်ပြီး အရေးကြီးသည့် ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ Field Epidemiology Training eJh RRT Training များပေးခြင်း၊ ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များနှင့် ဆေးနှင့်ဆေးပစ္စည်းများ အရန်သင့်ထားရှိခြင်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းစသည့်လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်) ဒေါက်တာသန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမိုးမိုးဆန်း၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးခိုင်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost တို့က ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ ကူးစက်ဆရာဝန်များ၊ ရောဂါဖြစ်ပွားမှု များခဲ့သော ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေး အဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

## (၄၄)ကြိမ်မြောက် အာဆီယံ – ဂျပန်သင်္ဘော ခရီးစဉ်မြန်မာကျောင်းသား ၂၈ ဦးလိုက်ပါမည်

**ရန်ကုန် အောက်တိုဘာ ၁၆**
အာဆီယံနှင့် ဂျပန်လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုတိုးပွားစေရန် ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ ဦးဆောင်ကာ အာဆီယံနိုင်ငံများရှိ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် (၄၄) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများရှိ လူငယ်များနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်တွင် မြန်မာနိုင်ငံမှကျောင်းသား ၂၈ ဦးနှင့် National Leader အနေဖြင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဆရာမဒေါ်လီလီအောင်တို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - ဇာဏီ

အဆိုပါခရီးစဉ်သို့ လိုက်ပါသွားမည့် ကျောင်းသား ကျောင်းသူ များမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အောက်တိုဘာ ၂၂ရက် ညပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ စတင်ထွက်ခွာသွားမည်ဖြစ်ပြီး ခရီးစဉ်မှာ ရက်ပေါင်း ၅၂ ရက်ကြာမြင့်ဖြစ်ကြောင်း သိရသည်။

"ချစ်ကြည်ရေးခရီးစဉ်မှာ သူတို့မှာ Network တွေရပြီးတဲ့အခါကျရင် အာဆီယံဆယ်နိုင်ငံနဲ့ ဂျပန်နိုင်ငံဆက်ဆံရေး ပိုကောင်းလာမယ်။ ကိုယ်နဲ့ဆိုင်တဲ့ Field တွေ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်နိုင်မယ်။ နောက်ပိုင်းသူတို့ရဲ့ လုပ်ငန်းဆောင်တာတွေအဆင်ပြေလာမယ်။ ဒီ Program လေးက နိုင်ငံအတွက်အကျိုးရှိပါတယ်" ဟု ဆရာမလီလီအောင်က ပြောသည်။

အဆိုပါခရီးစဉ်တွင် သင်္ဘောပေါ်၌ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ လိုက်ပါလာသည့် ကျောင်းသားလူငယ်များမှ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များ၊ အနုပညာများ၊ ပညာရေးများ၊ ဗဟုသုတများအစရှိသည်တို့ကို ပြောပြဆွေးနွေး၍ အမြင်ခြင်းဖလှယ်ကြမည်ဖြစ်ပြီး သင်္ဘောဆိုက်ကပ်မည့် ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့ရှိ Home Stay တာဝန်ယူထားသည့် နေအိမ်များတွင်လည်း နေထိုင်ကာ လူနေမှုဘဝဓလေ့ထုံးစံများနှင့် ကျောင်းများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

"သင်္ဘောပေါ်မှာ လုပ်ရမှာက လူငယ်တွေကို ခေါင်းစဉ်တွေခွဲပေးထားတယ်။ ခေါင်းစဉ်ပေါင်းရှစ်ခုပါမယ်။ အင်ဂျင်နီယာအကြောင်းတွေ၊ ဆေးပညာအကြောင်းတွေအဲလိုပညာရေးအကြောင်းတွေအပြင် လူမှုနေထိုင်မှုအကြောင်းတွေပါတယ်။ လူငယ်တွေအားလုံး ဆွေးနွေးကြပြီး အတွေးအခေါ်အသစ်တွေထုတ်ကြမယ်" ဟု ရန်ကုန်နည်းပညာတက္ကသိုလ် ရေနံအင်ဂျင်နီယာဌာနမှ ပဉ္စမနှစ်ကျောင်းသား အားမာန်က ပြောသည်။

အဆိုပါ သင်္ဘောခရီးစဉ်ကို ၁၉၇၄ ခုနှစ်မှစတင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် ဆိုက်ကပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ဒီ Program က အလွန်ကောင်းပါတယ်။ ကျောင်းသားတွေအတွက်ရော နိုင်ငံတော်အတွက်ရော တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပိုမိုချစ်ခင်လာမယ်။ အနာဂတ်အတွက်လည်း ကောင်းတယ်" ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ကျောင်းသား စည်သူဝေက ပြောသည်။

**ဇာနည်မောင်**

## (၁၆)ကြိမ်မြောက် ရန်ကုန် နိုင်ငံတကာ လူနေမှုပရိဘောဂပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**
(၁၆) ကြိမ်မြောက် ရန်ကုန် နိုင်ငံတကာ လူနေမှုပရိဘောဂပြပွဲ ၂၀၁၇ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပြခန်း ၂၀၀ ခန့်ပါဝင်မည်ဖြစ်ကာ ပရိဘောဂနှင့် အိမ်တွင်းသုံး ပြည်တွင်း၊ ပြည်ပ လုပ်ငန်း ၄၀ ကျော်ပါဝင်ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲကိုခေတ်မီပရိဘောဂနှင့် သစ်အချောထည်ပစ္စည်းများအား တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန်နှင့် မြန်မာမှုဒီဇိုင်းအမျိုးမျိုးဖြင့် တီထွင်ထားသည့် ပြည်တွင်းပြည်ပ ပရိဘောဂပစ္စည်းအမျိုးမျိုးကို ထိတွေ့နိုင်စေရန်အတွက် ရည်ရွယ်ကျင်းခြင်း ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ရော်ဘာအစေးပြားများ အရည်အသွေးမြင့်ဈေးကွက်ရရေးပညာပေး

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၁၆**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီး ဒေသအတွင်း ရော်ဘာပင်များ သက်တမ်းစေ့ အစေးခြစ်နိုင်စေရန် နည်းစနစ်တကျ အစေးခြစ်ခြင်းနှင့် ဈေးကွက်ဝင် အစေးပြားများ အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအစေးလှီးခြင်းနှင့် အရည်အသွေးမြင့်ရော်ဘာပြားထုတ်လုပ်ခြင်း ကွင်းသရုပ်ပြခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက တံခွန်တိုင်ကျေးရွာအုပ်စု နန်းသိုင်းထွန်ကျေးရွာ ခြံရှင် ဦးအောင်ကြည်၏ ရော်ဘာခြံ၌ ပြုလုပ်သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရော်ဘာစိုက်ဧက ၁၀၉၀၀၀ ရှိပြီး အစေးလှီးဧက ၇၀၀၀၀ ကျော်ရှိရာ သင့်တင့်သော ရော်ဘာဈေးပြန်ရရှိလာချိန် ဈေးကွက်ဝင် အရည်အသွေးရှိသော ရော်ဘာဈေးရရှိမှသာလျှင် ရော်ဘာခြံရှင်များ အကျိုးရှိစေမည်ဖြစ်ရာ ပညာပေးသရုပ်ပြခြင်းများကို စိုက်ပျိုးရေးဦးစီးဌာက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး နော်သူးဘေထီးတို့က တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ရော်ဘာစိုက်တောင်သူများ၊ အစေးခြစ်လုပ်သားများနှင့် စိတ်ပါဝင်စားသူ ၄၇ ဦးအား ရော်ဘာစတင်စိုက်ပျိုးချိန် မြေပြုပြင်ခြင်း၊ မျိုးရွေးချယ်စိုက်ပျိုးခြင်းကိုလည်းကောင်း၊ ရော်ဘာပင်များအား နည်းစနစ်တကျ အစေးခြစ်ခြင်းနှင့် အရည်အသွေးမြင့် ရော်ဘားပြားများ ထုတ်လုပ်နိုင်ရေးကိုလည်းကောင်း၊ ရော်ဘာဈေးကွက်၊ ဈေးနှုန်းစသည်တို့ကို အသိပညာပေးရှင်းလင်းပြီး လက်တွေ့ ရော်ဘာအစေးလှီးနည်းစနစ်များအား ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## အလုပ်သမားများလုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းမှုရှိ–မရှိ လွှတ်တော်ကိုယ်စားလှယ်များကွင်းဆင်းလေ့လာ

**မြိတ် အောက်တိုဘာ ၁၆**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက အလုပ်သမားများ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်စဉ် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု ရှိ-မရှိ၊ အလုပ်သမားများအကျိုးခံစားခွင့် ရရှိသင့်ရရှိထိုက်များကို ခံစားရရှိမှု ရှိ-မရှိ၊ လုပ်ငန်းခွင်အတွင်း အလုပ်သမားများ မတရား အလုပ်ထုတ်ခံရခြင်း ရှိ-မရှိ ရည်ရွယ်၍ အမျိုးသားလွှတ်တော် ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖွဲ့ဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စက်ရုံများအား ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။



ကွင်းဆင်းလေ့လာရာတွင် စက်ရုံများ၌ အလုပ်ရှင်၊ အလုပ်သမားများအား တွေ့ဆုံ၍ အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများ၊ အလုပ်ရှင်၊ အလုပ်သမား စာချုပ်ချုပ်ဆိုမှု ရှိ-မရှိ၊ အချိန်ပိုဆင်း အလုပ်သမားများအား လုပ်ခလစာ ထပ်ဆောင်းပေးမှုရှိ-မရှိ၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိပါက ဆောင်ရွက်ပေးမှု ရှိ-မရှိ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုများအား မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် လွှတ်တော်ကိုယ်စာလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စက်ရုံလုပ်ငန်းခွင်များအား ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။ ကွင်းဆင်း လေ့လာခဲ့သည့် စက်ရုံများမှာ ထူးထူးတိုးကုမ္ပဏီ၊ ဗဲင်(န်)တေ့(ချ်) ကုမ္ပဏီ၊ အဆောင်ကောင်းကုမ္ပဏီရှိ လုပ်ငန်းခွင်အား ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

**နိုင်ထူး (မြိတ် ပြန်/ဆက်)**

# ကလေးစာပေပွဲတော်မှသည် စာဖတ်ခန်းများဆီသို့

ခင်မောင်ငွေး(ပညာရေး)

အသိဉာဏ်မြင့်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရေး၊ စာဖတ်နာသူ စာအုပ်စာပေတွင် မွေ့လျော်သူများမွေးထုတ်နိုင်ရေးနှင့် ကလေးငယ်များ စာအုပ်စာပေ လေ့လာဖတ်ရှုခြင်းအလေ့အကျင့်များကို မိဘများ၊ စာသင်ကျောင်းများက ဖန်တီးပေးရန် ပြုပြင်ပေးသင့်သည့် အကြောင်းအရာများကိုပါ နေ့စဉ် သတင်းစာများ၏ အယ်ဒီတာ့အာဘော်များ ဆောင်းပါးများတွင် အလျဉ်းသင့်သလို မကြာခဏ ဖတ်ရှုနေရလေသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးကာ သက်ဆိုင်ရာတိုင်းဒေသကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်များနှင့် အတူ စာအုပ်စျေးရောင်းပွဲတော်များကို ကျင်းပလျက်ရှိသည်ကိုတွေ့ရ၏။ လွန်ခဲ့သည့် အောက်တိုဘာ ၁၃ ရက်ကပင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကလေးစာပေပွဲတော်နှင့် စာအုပ်စျေးရောင်းပွဲတော်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့လေသည်။

**စာဖတ်ဝါသနာပျိုးထောင်ဖို့**

ယင်းအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဖတ်ဝါသနာပါဖို့ဆိုတာက ကြီးတဲ့အခါမှ လုပ်လို့မရဘူး။ ကလေးဘဝအရွယ်မှာ စာဖတ်ဖို့ စာဖတ်ဝါသနာ ပျိုးထောင်ဖို့အကောင်းဆုံးအချိန်ပါ။ တက္ကသိုလ်တွေမှာ ဘာလို့လုပ်ရတာလဲဆိုတော့ ဒီပွဲကိုရောက်လာတဲ့ ကလေးတွေလည်း မူကြိုအရွယ်၊ အလယ်တန်းအရွယ် ကလေးတွေဆိုတော့ တက္ကသိုလ်ဆိုတဲ့နေရာကြီးကို ရောက်သွားရင် ငါတို့နောင်မှာ ဒီလိုကျောင်းကြီးမျိုး သွားသင်ရမှာပါလားဆိုတဲ့ အားကျစိတ်၊ တက္ကသိုလ်ကို ရောက်ချင်တဲ့၊ ပညာတတ်ကြီးဖြစ်ချင်တဲ့စိတ် မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ ကိန်းအောင်းသွားစေချင်တဲ့ ရည်ရွယ်ချက်ဖြစ်ကြောင်း ပြောသွားသည်ကို တွေ့ရ၏။

စင်စစ်မြန်မာနိုင်ငံသည် NLDအစိုးရတက်လာပြီးသည့်နောက်ပိုင်းတွင် စာအုပ်စာပေထုတ်ဝေခွင့်၊ ရေးသားခွင့် များများစားစားရလာကြ၍ ယခင်ခေတ်ကာလများက ထုတ်ဝေခွင့်မရရှိသည့်စာအုပ်များပင် စာအုပ်ဆိုင်များပေါ်တွင် အစီအရီတွေ့ရှိလာရပြီဖြစ်၏။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှုဖြင့် မြန်မာစာစဉ် ၁၀၀ ထုတ်ဝေရေး၊ မြန်မာအဘိဓာန်များပြုစုထုတ်ဝေရေးများအထိ အားရဖွယ်တွေ့ရှိရ၏။ သို့ပင်ဖြစ်သော်လည်း မြန်မာလူမျိုးများ၏ စာပေဖတ်ရှုလေ့လာမှုကား အားရဖွယ်မရှိ။ လက်ရှိထုတ်ဝေနေသည့် စာအုပ်စာပေများကိုကြည့်လျှင် တစ်ကြိမ်ထုတ်ဝေလျှင် အုပ် ၁၀၀၀ သာသာ။ အကြိမ်ကြိမ်အခါခါ ထုတ်ဝေရသည့်စာအုပ်ကားနည်းပါးလှ၏။ မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေသန်း ၅၀ ကျော်နှင့်နှိုင်းစာလျှင် စာဖတ်နေသည့် ဦးရေကား စိုးစဉ်းမျှသာ။

**စာဖတ်သူသည် အမြဲတိုးတက်နေ**

စာဖတ်သူသည် အမြဲတိုးတက်နေသည်။ စာမဖတ်သူသည်ကား မှောင်အတိကျနေသူနှင့်တူ၏။ လောကတွင် စာပေဖတ်ရှုလေ့လာခြင်းကြောင့် ကြီးပွားချမ်းသာသူများ၏။ အောင်မြင်ကျော်ကြားကြ၏။ ထွန်းပေါက်အောင်မြင်ကြ၏။ ငယ်စဉ်ကပင် စာပေလေ့လာလိုက်စားကာ စာမျိုးစုံဖတ်သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း။ ကလေးဘဝကပင် နယ်ကျေးလက်တွင်နေခဲ့ရလင့်ကစား စာပေလေ့လာဖတ်ရှုအားကောင်းခဲ့သည့် ဦးသန့်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကိုပင် နှစ်ကြိမ် ဆက်တိုက် ထမ်းဆောင်ခွင့်ရခဲ့သည့် ဦးသန့်။ မြန်မာနိုင်ငံသား စစ်စစ်များပင်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အောင်မြင်ကျော်ကြားနေသူများကို ကြည့်လျှင်လည်း စာဖတ်အားကောင်းသောသူများသာဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုယ်ထူကိုယ်ထ ကြိုးစားအောင်မြင်လာသူ၊ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်သူဌေးကြီး ၁၂၀၀ ကျော်ကို အင်တာဗျူးမေးမြန်းထားသည့် သုတေသနပြုချက်များအရ ၎င်းတို့အားလုံးသည် စာဖတ်ခြင်းဖြင့်သာ မိမိတို့၏ပညာရပ်များကို လေ့လာသိရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့သူဌေးကြီးဝါရင်ဘတ်ဖတ် (Waren Buffett) သည် မိမိ၏လုပ်ငန်းတွင် စတင်ရင်းနှီးမြှုပ်နှံခဲ့သည့် အချိန်မှစ၍ တစ်နေ့လျှင်စာမျက်နှာ ၆၀၀ မှ ၁၀၀၀ ကြားစာဖတ်သည်ဟုဆိုသည်။ ထို့အတူ ကမ္ဘာ့နံပါတ်တစ် သူဌေးကြီး ဘီဂိတ် (Bill Gates) သည်လည်း တစ်နှစ်လျှင် စာအုပ် ၅၀ ခန့်ဖတ်လေ့ရှိကြောင်း သိရသည်။ နာမည်ကျော် အမေရိကန်အနုပညာရှင် အော်ပရာဝင်းဖရေး (Oprah Win Frey) သည်လည်း တစ်လလျှင် စာအုပ်ရွေးချယ်ဖတ်ရှုကြောင်း သိရသည်။ သို့ဖြစ်၍လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က “စာဖတ်သောသူလူမျိုးများသည် တိုးတက်၍ တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြလေသည်”ဟူ၍ ဆိုခဲ့ခြင်းဖြစ်သည်။

**ငယ်စဉ်ဘဝကပင် ပြုစုပျိုးထောင်ပေးသင့်**

စင်စစ်စာဖတ်ခြင်းအလေ့အထသည် အသက်အရွယ်ကြီးရင့်ကာမှ ပြုစုပျိုးထောင်၍ မရနိုင်။ ငယ်စဉ်ဘဝကပင် ပြုစုပျိုးထောင်ပေးသင့်သည့် လုပ်ငန်းမျိုးဖြစ်ရာ ကလေးများနေထိုင်ရာ အိမ်သည်လည်းကောင်း၊ ကျောင်းများသည်လည်း အကောင်းဆုံးနေရာ ဌာနများပင်ဖြစ်သည်။ ဆိုရလျှင် အိမ်တွင်မိဘများကလည်းကောင်း၊ ကျောင်းတွင် ဆရာ ဆရာမများကလည်းကောင်း ပြုစုပျိုးထောင်ပေးနိုင်သည်ဖြစ်ရာ မိဘများနှင့် ဆရာဆရာမများ၏ စာပေလေ့လာလိုက်စားခြင်း၊ ဝါသနာထုံခြင်း၊ အားပေးခြင်းအပေါ် များစွာမူတည်နေလေသည်။ လက်ရှိအခြေအနေအပေါ် သုံးသပ်ကြည့်လျှင် မိဘအများစုမှာလည်း ကလေးများ ကျောင်းပို့ရေးနှင့် မိမိစီးပွားရေးလုပ်ငန်းများတွင် နစ်မြုပ်နေကြခြင်း၊ ဆရာ ဆရာမအများစုမှာလည်း စာအုပ်စာပေဖတ်ရှုလေ့လာမှု လွန်စွာနည်းပါးလှသည်ကို တွေ့နေရသည်သာဖြစ်၏။

အခြေခံပညာကျောင်းများကို လေ့လာကြည့်ရာတွင်လည်း အများစုသောကျောင်းကြီးများတွင် ကျောင်းစာကြည့်တိုက်များရှိသည်ကို တွေ့ရ၏။ အချို့ e-library များပင်ရှိ၏။ မူလတန်းကျောင်းငယ်များတွင် အများစုမရှိကြ။ အချို့ကျောင်းများတွင် ကျောင်းစစ်ဆေးရေးလာချိန်နီးမှပင် ပြင်ဆင်မွမ်းမံထားလေ့ရှိ၏။ ကျောင်းရှိ ဆရာ ဆရာမတို့၏ စာပေလေ့လာလိုက်စားမှုအပေါ်တွင် များစွာမူတည်နေလေရာ အချို့ တောကျေးလက်ပင်ဖြစ်စေကာမူ ရပ်ရွာအတွင်းမှ လှူဒါန်းသော စာအုပ်စာစောင်များ၊ Save the Children ကဲ့သို့သော အဖွဲ့များမှ လှူဒါန်းစာအုပ်များဖြင့် သန့်ရှင်းသပ်ရပ်သည့် စာသင်ခန်းတစ်ခန်းတွင် စာကြည့်တိုက်အဖြစ် ဖွင့်လှစ်ထားနိုင်ကြသည်ကို တွေ့ရ၏။ စာဖတ်ဝါသနာ မပါသည့် ကျောင်းကြီးများတွင်မူ စာကြည့်တိုက်များသည် ခမ်းနားလှပစွာဖြင့် သော့ခတ်ပိတ်၍ ထားကြလေသည်။

စင်စစ်စာကြည့်တိုက်ကောင်းတစ်ခုဖြစ်ရန် "B" ငါးလုံးနှင့် ပြည့်စုံရန်လိုပါသည်။ ယင်း "B"ငါးလုံးမှာ

၁။ B - Building - အဆောက်အအုံ
၂။ B - Budget - ရန်ပုံငွေ
၃။ B - Brain - စာကြည့်တိုက်မှူး
၄။ B - Books - စာအုပ်များ
၅။ B - Borrower - စာဖတ်သူ၊ ငှားသူ

ကျောင်းကြီးအတော်များများတွင် စာကြည့်တိုက်အဖြစ် အဆောက်အအုံအတွင်း၌ စာဖတ်ခန်းဖွင့်နိုင်လောက်အောင်ရှိ၏။ စာအုပ်ဝယ်ရန် အချိုးကျ ရန်ပုံငွေရှိပြီး အချို့အလှူရှင်များရှိသည်။ သို့ဖြစ်၍ စာအုပ်စာတမ်း အတန်အသင့်ရှိ၏။ လိုအပ်သည့်အဓိကအချက်မှာ Brain ဆိုသည့်စာကြည့်တိုက်မှူးမရှိခြင်းပင် ဖြစ်သည်။ ယခု လက်ရှိကျောင်းများတွင် ရှိသည်ဆိုသည့် စာကြည့်တိုက်မှူးမှာ ကျောင်းမှတာဝန်ပေးထားသည့် ကျောင်းသား ကျောင်းသူခေါင်းဆောင်နှင့် အလှည့်ကျ ဆရာဆရာမများသာဖြစ်နိုင်ပါသည်။

ယင်းနှင့်ပတ်သက်၍ လွှတ်တော်အစည်းအဝေးတစ်ခုတွင် အခြေခံကျောင်းများရှိ ကျောင်းစာကြည့်တိုက် (ကျောင်းကြီးများ) များတွင် စာကြည့်တိုက်မှူးများ တရားဝင်ခန့်အပ်နိုင်ရေးနှင့် ပတ်သက်၍ တင်ပြခဲ့ဖူးရာ ခန့်အပ်ရန် ရာထူးအစဉ် (ဖွဲ့စည်းပုံ) မရှိ၍ဟု ဖြေကြားခဲ့သည်ကို မှတ်သားခဲ့ဖူးသည်။ ဤကဲ့သို့ စနစ်တကျ သင်တန်းပေးထားသူ (သို့) စာကြည့်တိုက်ပညာဒီပလိုမာလက်မှတ်ရသူများအား ခန့်ထားခြင်းမရှိ၍ စာအုပ်များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ ငှားရမ်းခြင်း၊ ကလေးများစာဖတ်နှုန်း ပို၍မြင့်မားလာစေရန် စည်းရုံးသိမ်းသွင်းခြင်းလုပ်ငန်းများတွင် များစွာအားနည်းလျက်ရှိသည်ကို တွေ့ရသည်။

**အနာဂတ်လှပအောင် ပုံဖော်ထုဆစ်**

စင်စစ် မြို့နယ်ပညာရေးမှူးရုံးများတွင် ထိုင်စရာနေရာပင်မရှိအောင် ဝန်ထမ်းဦးရေ (ဖွဲ့စည်းပုံ) များပြားလွန်းနေချိန်တွင် စာကြည့်တိုက်ရာထူးနေရာများအား ခွဲဝေခန့်ထားခြင်းဖြင့် စာကြည့်တိုက် ဒီပလိုမာဘွဲ့ရသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း လမ်းဖွင့်ပေးရာရောက်နိုင်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြန်လည်စဉ်းစားသင့်ပါသည်။

သို့ဖြစ်၍ တစ်ဖက်က ကလေးများစာဖတ်ဝါသနာများ ပိုမိုရှင်သန်ရန်၊ ပို၍စာဖတ်အားကောင်းလာစေရန် ကလေးစာပေပွဲတော်များ၊ စာအုပ်စျေးပွဲတော်များ ကျင်းပနေရာ တစ်ဖက်ကလည်း ကလေးများ၏ နေအိမ်တွင်လည်းကောင်း၊ ကလေးများ၏ အချိန်အများစု ကုန်ဆုံးရာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များကို စနစ်တကျသုံးစွဲတတ်ရန်လည်းကောင်း၊ စာဖတ်ချိန်ပို၍မြှင့်တင်ပေးနိုင်ရန်လည်းကောင်း၊ ကျောင်းစာသင်ချိန်အတွင်း စာဖတ်ချိန်ရအောင်သော်လည်းကောင်း မိဘ၊ ဆရာများက ပူးပေါင်းပါဝင်ခြင်းဖြင့် ကလေးများ၏ အနာဂတ်ကို လှပအောင် ပုံဖော်ထုဆစ်နိုင်မည်ဖြစ်ပါကြောင်း။ ။

> “ကလေးများစာဖတ်ဝါသနာများ ပိုမိုရှင်သန်ရန်၊ ပို၍စာဖတ်အားကောင်းလာစေရန် ကလေးစာပေပွဲတော်များ၊ စာအုပ်စျေးပွဲတော်များ ကျင်းပနေရာ တစ်ဖက်ကလည်း ကလေးများ၏ နေအိမ်တွင်လည်းကောင်း၊ ကလေးများ၏ အချိန်အများစု ကုန်ဆုံးရာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များကို စနစ်တကျသုံးစွဲတတ်ရန်လည်းကောင်း . . .”

---

**စာမျက်နှာ ၁၅ မှ**

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေအကြား စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုတွေ အများအပြားရှိလာပြီး အခြေခံအဆောက်အအုံတွေ ပေါင်းစည်းဆက်နွယ်မှုမြင့်မားလာခြင်းဟာ အာဆီယံရဲ့စီးပွားရေးအခွင့်အလမ်းတွေကို တရုတ်နိုင်ငံဘက်ကို ကမ်းလှမ်းပေးနေတဲ့ သဘောသက်ရောက်တယ်လို့ ရှုမြင်နေကြပါတယ်။ တရုတ်နိုင်ငံရဲ့ သုတေသီတွေကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ တရုတ်နိုင်ငံနဲ့ စီးပွားရေးအရ ထိတွေ့ဆက်ဆံပြီး အကျိုးအမြတ်တွေ ရရှိခံစားနေကြသော်လည်းပဲ နိုင်ငံခြားရေးမူဝါဒနဲ့ လုံခြုံရေးရာကိစ္စရပ်တွေမှာ တရုတ်နိုင်ငံဘက်က မရပ်တည်ကြခြင်းဟာ ကျေးဇူးမသိတတ်ခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ကြပါတယ်။

တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား အင်အားပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာမှုမှာ အကောင်းဆုံးကြားနေနိုင်မယ့်နည်းလမ်းကတော့ အာဆီယံအကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အာဆီယံအဖွဲ့ကြီးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အာဆီယံအသိုက်အဝန်း အောင်မြင်မှုရရှိစေဖို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ပြီး ကြားနေတဲ့ မူဝါဒကို ကိုင်စွဲထားတဲ့ အာဆီယံဟာ တရုတ်နိုင်ငံရော၊ အမေရိကန်နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် ဒီမူဝါဒကို ကိုင်စွဲထားတဲ့ အာဆီယံဟာ ဘယ်သူ့ကိုမှ ခြိမ်းခြောက်မှုမပြုတဲ့ အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးဟာ ဒေသရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ဗဟိုချက်နေရာက ပါဝင်ဆောင်ရွက်နေခြင်းဖြင့် အရှေ့တောင်အာရှဒေသအတွင်းမှာ အင်အားလေဟာနယ်တစ်ရပ် ဖြစ်ပေါ်လာစေမှာ မဟုတ်တဲ့အတွက် ပြင်ပအင်အားစုတွေ ဒေသတွင်း အစားထိုးဝင်ရောက်နေရာယူလာမယ့် အန္တရာယ်ကို ရှောင်လွှဲနိုင်မှာဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီး ရှေ့ခရီးဆက်နိုင်ဖို့က အာဆီယံရဲ့ ပြင်ပမိတ်ဖက်နိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေရဲ့ ချီးကျူးထောမနာပြုတဲ့ စကားလုံးတွေအပေါ်မှာသာ အားရရပ်တည်နေရုံနဲ့ မလုံလောက်ပါဘူး။ အာဆီယံအဖွဲ့ကြီးဟာ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်လာစေဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့ကြီးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍတွေမှာ အားကောင်းလာစေဖို့ လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်လာစေဖို့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းနဲ့ ပြည်သူတွေရဲ့ အသိတရားတွေ နိုးကြားလာစေဖို့ လှုံ့ဆော်သွားကြရမှာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ ပြည်သူတွေအနေနဲ့ အာဆီယံအဖွဲ့ကြီးရဲ့ တာဝန်တွေ၊ ကတိကဝတ်တွေ ကျေပွန်စေဖို့၊ သဘောတူညီချက်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့၊ အာဆီယံရဲ့စီမံချက်တွေ အောင်မြင်စေဖို့ လိုအပ်တဲ့ အရင်းအမြစ်တွေ ရရှိစေဖို့ အသီးသီးကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ဒီအချက်ဟာ အာဆီယံအဖွဲ့ကြီး အရေးပါတဲ့နေရာမှာ ဆက်လက်ရှိနေဖို့ အပြောနဲ့မဟုတ် အလုပ်နဲ့သက်သေပြရမယ့် အဓိကလိုအပ်ချက် ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ရတနာပုံ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

အာရှတွင် တစ်ခုတည်းသောပွဲတော်ဖြစ်သည့် “အမှတ်တရ ရုပ်ရှင်အမွေအနှစ်ပွဲတော် (Memory International Film Heritage Festival)”ကို စတုတ္ထအကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှ ၁၃ ရက်နေ့အထိ လက်ခံကျင်းပခဲ့ရာ ယင်းပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှ ထိန်းသိမ်းပြုစုထားသည့် ရှေးဟောင်းဂန္ထဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၅၉ ကားပါဝင်ပြီး “ဝဇီရာ”နှင့် “နေပြည်တော်”ရုပ်ရှင်ရုံတို့တွင် အခမဲ့ပြသပေးခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် အေဝမ်းဖလင်မှထုတ်လုပ်ပြီး ဒါရိုက်တာ အေဝမ်းဦးတင်မောင် ရိုက်ကူးသည့် ၁၉၃၄ ခုနှစ်က ရုံတင်ပြသခဲ့သော “မြဂနိုင်”အသံတိတ်ဇာတ်ကား၊ ၁၉၅၃ ခုနှစ်က ရုံတင်ပြသခဲ့သော “ရတနာပုံ”အသံထွက်ဇာတ်ကားနှင့် ၁၉၇၂ ခုနှစ်က ရုံတင်ပြသခဲ့သော ဒါရိုက်တာမောင်ဝဏ္ဏ၏လက်ရာ “ခြေဖဝါးတော်နုနု”ဇာတ်ကား စုစုပေါင်း သုံးကား ပါဝင်ပြသခဲ့ပါသည်။ ပွဲတော်ဝယ် ပြသပေးသည့် ဇာတ်ကားများသည် နိုင်ငံတကာအဆင့်မီ လက်ရွေးစင်ဇာတ်ကားများဖြစ်သည့်အတွက် တစ်မျိုးတစ်ဘာသာစီ လက်ရာမြောက်လျက်ရှိပြီး အချို့ပေါ်သကာလောင်းကောင်းကြောင်းတွေ ညွှန်းဆိုပြဖို့လိုမည်မထင်။ အဆိုပါ ဇာတ်ကားများထဲမှ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဂန္ထဝင်စံတင်ခဲ့သည့် “ရတနာပုံ”ရုပ်ရှင်ဇာတ်ကားကြီးအကြောင်း လက်လှမ်းမီသမျှ တင်ပြရသည်ရှိသော်-

### “ရတနာပုံ”အသံထွက်ရုပ်ရှင် ဇာတ်ကား

ယခု "Memory" ရုပ်ရှင်ပွဲတော်တွင် ပြသသည့် “ရတနာပုံ” ဇာတ်ကားမှာ ဒုတိယအကြိမ် ပြန်လည်ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး မြန်မာ့ရုပ်ရှင်ပေါ်စ အသံတိတ်ခေတ်ဦးကာလကလည်း “ရတနာပုံ” ဇာတ်ကားကို ရိုက်ကူးပြသခဲ့ဖူးသည်။ မြန်မာ့ရုပ်ရှင်ပေါ်ပေါက်လာအောင် စွမ်းဆောင်ခဲ့သည့် မြန်မာ့ရုပ်ရှင်ဖခင်ကြီး “လန်ဒန်အတ် ဦးအုန်းမောင်”သည် “ဘားမားဖလင်”ကို တည်ထောင်ပြီး ရုပ်ရှင်ကားများ ထုတ်လုပ်ခဲ့ရာ အစုရှယ်ယာများနှင့် စိတ်ဝမ်းကွဲပြီး ကာလအတန်ကြာ ရုပ်ရှင်လောကကို စွန့်ခွာသွားခဲ့သည်။ သို့သော် သံယောဇဉ်မပြတ်နိုင်သည့်အတွက် “လန်ဒန်အတ်”ရုပ်ရှင်ကုမ္ပဏီအမည်ဖြင့် တစ်ကျော့ပြန်ဝင်ရောက်ခဲ့ရာ စစချင်း နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်း၏ “ရတနာပုံ”ဝတ္ထုကြီးကို ဝယ်ယူ၍ ယခင်လုပ်ဖော်ကိုင်ဖက် ဒါရိုက်တာ ဦးပု(ဦးတုတ်ကြီး)နှင့်တိုင်ပင်ကာ “ရတနာပုံ”အသံတိတ်ဇာတ်ကားကို ထိုစဉ်က နာမည်ကြီးမင်းသား မောင်ဘတင့်၊ မင်းသမီး ခင်ခင်နုတို့ဖြင့် မန္တလေးမြို့သို့ သွားရောက်ရိုက်ကူးခဲ့သည်။

ထိုစဉ်က ရုပ်ရှင်ရိုက်လျှင် ဇာတ်ညွှန်းရေးရမှန်းမသိကြသေး။ သို့ဖြစ်၍ ဇာတ်ညွှန်းမရှိ၊ ဝတ္ထုစာအုပ်ကိုင်ပြီး နောက်တစ်နေ့ ရိုက်ကူးမည့်အခန်းများရေးမှတ်ကာ ရိုက်ကွင်းပေါ်ရောက်မှ မည်သို့မည်ပုံပြောဆိုရမည်ကို လက်တန်းညွှန်ကြားပြသရိုက်ကူးလေ့ရှိသည်။ ထို့ကြောင့်လည်း “ရတနာပုံ” ဇာတ်ကားရိုက်ကူးစဉ် အရှိန်တက်ပေရှည်သွားရာ ဖလင်ပေ ၅၀၀၀၀ ကျော်သွားခဲ့သည်။ ဦးအုန်းမောင်သည် ဦးတုတ်ကြီးနှင့်တိုင်ပင်၍ ပြန်လည်တည်းဖြတ်လိုက်သည့်တိုင် ဇာတ်ကားအပိုင်းပေါင်း ၃၆ ပိုင်းအထိ အသားတင်ကျန်ရှိနေသည့်အတွက် ရုံတင်ပြသသည့်အခါ တစ်ကြိမ်တည်း အစ၊ အဆုံးပြသနိုင်ခြင်းမရှိ။ တစ်ကြိမ်လျှင် ခုနစ်ပိုင်းကျစီခွဲကာ အခန်းဆက်ဖြင့် ပြသခဲ့ရသည်။ “ရတနာပုံ”ဇာတ်ကားသည် ပေများ ရှည်လျားသွားစေကာမူ ပရိသတ်သည် ငြီးငွေ့သည်မရှိ၊ မျှော်တလင့်လင့်ဖြင့် ကြည့်ခဲ့ရပြီး “လန်ဒန်အတ်” ရုပ်ရှင်သည်လည်း ထိုတစ်ကားတည်းဖြင့် အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်လေသည်။

ယခု Memory ပွဲတော်တွင် ပါဝင်ပြသခဲ့သည့် “ရတနာပုံ”အသံထွက်ဇာတ်ကားသည်လည်း အသံတိတ်ခေတ် “ရတနာပုံ”ဇာတ်ကားကဲ့သို့ ဆရာကြီး ရွှေဥဒေါင်း၏ ဝတ္ထုကိုပင် ရုပ်ရှင်အဖြစ် ရိုက်ကူးထားခြင်းဖြစ်သည်။ အဆိုပါဝတ္ထုသည် ကမ္ဘာကျော် စာရေးဆရာကြီး အလန်ဝုဒ်၏ "East Lynne"ဝတ္ထုကို မှီငြမ်းပြီး မြန်မာမှုပြုရေးဖွဲ့ခဲ့ခြင်းဖြစ်ရာ ပရိသတ် အထူးနှစ်ခြိုက်ပြီး ၁၉၅၀ ခုနှစ်ဝန်းကျင်ခန့်က တက္ကသိုလ်သင်ရိုးညွှန်းတမ်းတွင် ပြဋ္ဌာန်းခဲ့သည်အထိ အောင်မြင်ကျော်ကြားခဲ့သော ဂန္ထဝင်ဝတ္ထုရှည်ကြီးဖြစ်သည်။

### ဒုတိယအကြိမ်ရိုက်ကူး

ဒုတိယအကြိမ်ရိုက်ကူးသည့် “ရတနာပုံ”ဇာတ်ကားကို ၁၉၅၃ ခုနှစ်တွင် အေဝမ်းဖလင်မှ ထုတ်လုပ်ပြီး သရုပ်ဆောင်ဒါရိုက်တာ အေဝမ်းဦးတင်မောင်(အလင်္ကာကျော်စွာ အကယ်ဒမီများရှင် သရုပ်ဆောင် ဒါရိုက်တာ အေဝမ်းဦးတင်မောင်)၊ မင်းသမီး ကြည်ကြည်ဌေး(ဝဏ္ဏကျော်ထင်အကယ်ဒမီများရှင် ဒေါ်ကြည်ကြည်ဌေး)၊ တင်တင်မူ(မုဒ့ုမယ် အကယ်ဒမီ တင်တင်မူ)၊ အေးကြူ၊ ဒေါ်မြလေး၊ ဦးသာဂေါင်၊ ဒေါ်ဂျမ်းစိန်၊ မအေးကြည်စသည့် လူကြီးသရုပ်ဆောင်များ၊ ဝင်းမာ(အကယ်ဒမီ စန္ဒာ၏ အစ်မ ဒေါက်တာဝင်းမာ)နှင့် တိုးညွှန့်(သမန်းကျား)တို့ ခေါင်းဆောင်သည့် ကလေးသရုပ်ဆောင်များ ပါဝင်သည်။ နောက်ခံတေးဂီတများကို တေးရေး အလင်္ကာကျော်စွာ ဆရာ ရွှေပြည်အေးက ဖန်တီးပြီး ယနေ့တိုင် မရိုးနိုင်သည့် ကြည်ကြည်ဌေး၏ “လေးနာရီ”သီချင်းမှာ ထိုဇာတ်ကားမှ ဇာတ်ဝင်တေးဖြစ်သည်။ ချစ်ခြင်းမေတ္တာဖွဲ့ အိမ်ထောင်ရေး ပညာပေးဇာတ်လမ်းဖြစ်ပြီး အချစ်ကြီးတော့ အမျက်ကြီး၏။ တစ်ဖက်စွန်းရောက်သွားသည့်အခါ အမှားအမှန် ခွဲခြားနိုင်စွမ်းမရှိ၊ မဖြစ်သင့်တာတွေဖြစ်ကြရသည်။ သံသယတည်းဟူသော အမှိုက်မီးတစ်စကြောင့် ပြာသာဒ်မီးလောင်၊ နောင်တ နောင်မှရသည့်အခါ သာယာချမ်းမြေ့သည့် မိသားတစ်စုလုံး အဖတ်ဆယ်မရအောင် ကြေမွပျက်စီးသွားလေပြီ။ ထိုကားကြည့်ပြီး မျက်ရည်မကျဘဲ ရုံပြင်ပြန်ထွက်နိုင်သူရှား၏။ ထိုဇာတ်ကားသည် ၁၉၅၄ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ဆောင်မင်းသား အကယ်ဒမီဆုနှင့် အကောင်းဆုံးဇာတ်ကား အကယ်ဒမီဆု ရရှိခဲ့သည်။

### ကံကြမ္မာအလှည့်အပြောင်း

ဇာတ်လမ်းအကျဉ်းချုပ်မှာ မန္တလေးမြို့မှာ နေထိုင်ပြီး ခြံကြီးဝင်းကြီးနှင့် ထည်ဝါခမ်းနားလှသော “ရတနာပုံ” တိုက်ကြီး ပိုင်ဆိုင်ထားသည့် သူဌေးကြီး ဦးထင်ကျော်မှာ ကံကြမ္မာအလှည့်အပြောင်းအရ စီးပွားပျက်ပြီး ထိုတိုက်ကြီးကို ဝတ်လုံတော်ရရှေ့နေ မောင်ထွန်းမြတ်(အေဝမ်း ဦးတင်မောင်)သို့ ရောင်းလိုက်ရသည်။

တိုက်ရောင်းပြီးသော်လည်း အကြွေးကားမကျေ၊ ဒုက္ခပင်လယ်ဝေရင်း ထိုစိတ်ဖြင့် ဦးထင်ကျော် ဆုံးပါးသွားခဲ့သည်။ သမီးဖြစ်သူ ခင်စိန်ကြည်(ကြည်ကြည်ဌေး)စိတ်ထိခိုက်မည်စိုး၍ ဦးထင်ကျော်က အဖြစ်မှန်ကို ပြောပြမသွား၊ ဖခင်ဦးထင်ကျော်နာရေးပင် ရက်မလည်သေး အကြွေးရှင်များ ဝိုင်းလာသည်။ ပြေးစရာ မြေမရှိ၊ ပေးစရာငွေမရှိ၊ အတိဒုက္ခရောက်နေသည့် ခင်စိန်ကြည်ကို မောင်ထွန်းမြတ် မကြည့်ရက်၊ နဂိုကတည်းက မေတ္တာသက်ဝင်ခဲ့သည်လည်းဖြစ်ရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်ကို ချစ်ခွင့်ပန်ပြီး လက်ထပ်ယူလိုက်သည်။ ချောက်ထဲကျတော့မည့်ဆဲဆဲ ခင်စိန်ကြည်ကို ကယ်တင်လိုက်ရာမှ အားလုံး အစစအဆင်ပြေသွားကြပြီး သာယာချမ်းမြေ့သည့် အိမ်ထောင်သည်ဘဝဖြင့် သားသမီး သုံးယောက်ပင် ရခဲ့လေသည်။

### မိတ္ထီလာမှာ ပြန်ဆုံ

သို့သော် ကံကြမ္မာဖန်လာပုံဆိုးသည်က ခင်စိန်ကြည်သည် မိသားစုတာဝန်များနှင့် ဗျာများပြီး ကျန်းမာရေးချို့တဲ့လာရာ မောင်ထွန်းမြတ်၏ သဘောတူခွင့်ပြုချက်အရ မိတ္ထီလာသို့ ရက်အတန်ကြာ သွားရောက်နားနေခဲ့ရသည်။ ထိုစဉ် ဖခင် ဦးထင်ကျော်ရှိစဉ်ကတည်းက အိမ်၌ ဝင်ထွက်သွားလာခဲ့ဖူးသော အသိမိတ်ဆွေ သက်ညွန့်(အေးကြူ)နှင့် ခင်စိန်ကြည် မိတ္ထီလာမှာ ပြန်ဆုံသည်။ သက်ညွန့်သည် လူရှုပ်လူပွေ၊ ယခင်က ခင်စိန်ကြည်ကို ပိုးပန်းခဲ့ဖူးသော်လည်း မောင်ထွန်းမြတ် လက်ဦးသွားသည့်အတွက် အခဲမကျေ မစားရတဲ့အမဲ သဲနှင့်ပက်ဆိုသလို ခင်စိန်ကြည်ကို ကူညီသယောင်ဖြင့် သူ့ဘက်ပါလာအောင် အနုနည်းဖြင့် သွေးဆောင်သည်။ ခင်စိန်ကြည်သည် မောင်ထွန်းမြတ်အပေါ် သစ္စာမပျက်၊ မောင်ထွန်းမြတ်ကို ရိုသေလေးစားတန်ဖိုးထားပြီး လွန်စွာမှ ချစ်မြတ်နိုးသူဖြစ်သည်။ သို့သော် မောင်ထွန်းမြတ်နှင့် အိမ်ထောင်ကျကတည်းက ခင်စိန်ကြည်ရင်ထဲဝယ် သံသယ မီးပွားလေး တစ်စကိန်းအောင်းနေခဲ့သည်။ ထိုမီးသည် မည်မျှကြောက်စရာကောင်းကြောင်း ခင်စိန်ကြည်သည် သူ့ကိုယ်သူ သတိမထားမိ။ ထိုမီးသည် တငွေ့ငွေ့လောင်ကျွမ်းလျက်ရှိရာ တစ်ချိန်မှာ ထိန်းမရ သိမ်းမရ မိသားတစ်စုလုံး ပြာကျသည်အထိ ဒုက္ခပေးတော့သည်။

မောင်ထွန်းမြတ်တွင် သားချင်းတော်စပ်ပြီး ငယ်စဉ်ကတည်းက ခင်မင်ခဲ့ရသော မိမိရီ(တင်တင်မူ)ဆိုသည့် မိန်းကလေးတစ်ဦးရှိသည်။ မိမိရီက မောင်ထွန်းမြတ်ကို တစ်ဖက်သတ် တိတ်တခိုးချစ်ခဲ့ရသော်လည်း မောင်ထွန်းမြတ်က ညီမလေးတစ်ယောက်ထက်မပို၊ မောင်ထွန်းမြတ်နှင့် မိမိရီတို့၏ဆက်ဆံရေးကို ခင်စိန်ကြည် ဘဝင်မကျ။ မောင်ထွန်းမြတ်ပစ်သွားမလားဆိုသည့် စိုးရိမ်စိတ်က ခင်စိန်ကြည်ကို အစဉ်အမြဲ ခြောက်လှန့်နှိပ်စက်လျက်ရှိသည်။ ချစ်ကြောက်ရိုသေရသည့် လင်သားမို့ မစွပ်စွဲရဲ၊ ခံစားချက်တို့သည် တစ်နေ့တခြား ပြင်းထန်လာသည့်အတွက် ကလေးတွေရမှ အရဲစွန့်မေးလိုက်ရသည်။ ထိုအခါ မောင်ထွန်းမြတ်က “ခင်ရယ် ရှက်စရာ ကလေးတွေတောင်ရမှ မတော်တရော်မေးရတယ်လို့ကွယ် ခင့်အပေါ် ဘယ်တော့မှ သစ္စာမမဲ့ဘူးဆိုတာ ယုံပါ” ဆိုမှ ခင်စိန်ကြည်ရင်ထဲ အလုံးကြီးကျသွားတော့သည်။ သို့သော် တစ်ခဏတာ။

မိမိရီ၏ အစ်ကိုဖြစ်သူ ဘရီသည် လူသတ်မှုတစ်ခုတွင် သူမသတ်ရပါဘဲ အခြေအနေက သူသတ်သကဲ့သို့ဖြစ်နေသည့်အတွက် ရှောင်တိမ်းနေရသည်။ ရာဇဝတ်မှုဖြစ်သည့်အတွက် မည်သူ့ကိုမျှ အသိမပေးရဲ။ မောင်ထွန်းမြတ်သည် မိမိရီကို အကူအညီပေးရင်း တစ်ခါတစ်ခါ မိမိရီနှင့် လျှို့ဝှက်တိုင်ပင်ရသည်များ ရှိသည်။

### အခွင့်ကောင်းယူ

ခင်စိန်ကြည်သည် ကျန်းမာရေးအရ နားနေပြီးနောက် မိတ္ထီလာမှ မန္တလေး“ရတနာပုံ”အိမ်ကြီးသို့ ပြန်ရောက်လာသည်။ မကြာမီ သက်ညွန့်ကလည်း မောင်ထွန်းမြတ်ခွင့်ပြုချက်ဖြင့် ထိုအိမ်ကြီး၌ လာရောက်တည်းခိုသည်။ ထိုစဉ် မောင်ထွန်းမြတ်နှင့် မိမိရီတို့မှာလည်း လူသတ်မှုကိစ္စ တရားခံအစစ် ဖမ်းဆီးရမိရေး အရေးကြီးနေသည့်အချိန်ဖြစ်ရာ မောင်ထွန်းမြတ် အိမ်ပြန်ရောက်ချိန် မမှန်တော့ချေ။ တစ်ခါတစ်ရံ ညဉ့်နက်မှ အိမ်ပြန်လာသည်များရှိသည်။ အကွက်ကောင်းစောင့်နေသော သက်ညွန့်သည် ထိုအချက်ကို အခွင့်ကောင်းယူ၍ မောင်ထွန်းမြတ်နှင့် မိမိရီတို့ ဖောက်ပြန်နေပြီဖြစ်ကြောင်း ခင်စိန်ကြည်ကို ယုံလောက်အောင်ပြောဆို၍ မိမိရီနေထိုင်ရာ ခြံဝင်းအနီးသို့ ခင်စိန်ကြည်ကို ကားဖြင့်ခေါ်သွားပြရာ ခြံဝင်းအတွင်း မောင်ထွန်းမြတ်နှင့် မိမိရီတို့နှစ်ယောက် ညဉ့်နက်သည်အထိ တီးတိုးပြောဆိုနေကြသည်ကို ခင်စိန်ကြည် ကားပေါ်မှ လှမ်းတွေ့လိုက်ရသည်။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်၊ မစွမ်းရင်းကလည်းရှိကန်စွန်းခင်းကလည်းငြိ၊ အဆင်းဘီးတပ်သူကလည်း ရှိပြန်သည့်အတွက် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်သူ့အပေါ် သစ္စာဖောက်သွားလေပြီဟု တစ်ထစ်ချမှတ်ယူလိုက်တော့သည်။ ဝေဒနာမဖြေသာ ခင်စိန်ကြည် ဘာကိုမှ မမြင်တော့၊ ကမ္ဘာပျက်မတတ်ခံစားလိုက်ရပြီး ရှူးရှူးမိုက်မိုက် မောင်ထွန်းမြတ်နှင့် ကလေးတွေကိုပစ်ပြီး သက်ညွန့်နှင့် ခိုးရာလိုက်ပြေးတော့သည်။ ထုသည့်ဥသျှစ်လည်းကွဲ၊ ခံသည့်ဥသျှစ်လည်းကွဲ မိသားစုအားလုံး ဖရိုဖရဲ။ ခင်စိန်ကြည်သည် သက်ညွန့်သည်သာ အားကိုးရာဟု ထင်မှတ်ခဲ့သည်မှာလည်း အလွဲကြီးလွဲခဲ့လေပြီ။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ၊ သက်ညွန့်နှင့် နှစ်နှစ်မျှပေါင်းပြီး ကလေးတစ်ယောက်ရခဲ့သည်။ နောင်တနောင်မှရ၊ သက်ညွန့်၏ ကောက်ကျစ်စဉ်းလဲသော ဇာတိရုပ်ပေါ်လာသည့်အတွက် သက်ညွန့်ကို မောင်းထုတ်ပြီး လမ်းခွဲလိုက်သည်။

### သတင်းလွှင့်

သက်ညွန့်သည် မကြာမီ မိမိရီ အစ်ကိုနှင့်ပတ်သက်နေသောအမှု၏ လူသတ်တရားခံအဖြစ် အမှုမှန်ပေါ်ပေါက်ပြီး ထောင်ကျသွားသည်။ ကွဲသည့်ပန်းကန် ဆက်ရန်ကြံသို့မဖြစ်နိုင်တော့တဲ့ဘဝကို ပြန်မတမ်းတတော့ဘဲ စားဝတ်နေရေးအတွက် ခင်စိန်ကြည် စက်ချုပ်စားရင်း တစ်နေ့စိတ်ပန်းလူပန်းဖြင့်မှေးကနဲ အိပ်ပျော်သွားရာ ဖယောင်းတိုင်မီးက ခြင်ထောင်ကို မီးစွဲလောင်ပြီး သက်ညွန့်နှင့်ရသည့်ကလေးက မီးထဲပါသွားသည်။ ခင်စိန်ကြည်မှာ မသေသော်လည်း မီးလောင်သည့်ဒဏ်ရာကြောင့် မျက်နှာတစ်ခုလုံး ရစရာမရှိ ရုပ်ပျက်ဆင်းပျက်။ မထူးတော့သည့်ဘဝမို့ ဇာတ်မြှုပ်နေလိုသည့်အတွက် မောင်ထွန်းမြတ်သိအောင် တစ်ဖက်လှည့်ဖြင့် သူသေပြီဟု သတင်းလွှင့်လိုက်သည်။ မောင်ထွန်းမြတ်သည် သဘောထားကြီးစွာဖြင့် ခင်စိန်ကြည်ပြန်အလာကို မျှော်လင့်နေခဲ့သော်လည်း ဇာတ်လမ်းဆုံးပြီဟု သိလိုက်ရသည့်အတွက် မိမိရီနှင့် လက်ထပ်လိုက်ရာ ကလေးတစ်ယောက်ရခဲ့သည်။

ရေကိုခါးနဲ့ပိုင်းက ပြတ်ကောင်းပြတ်မည်။ သံယောဇဉ်ဆိုသည်ကား ပိုင်းဖြတ်၍ ရနိုင်ကောင်းသော အရာမဟုတ်။ ခင်ပွန်းဟောင်းဖြစ်သူ မောင်ထွန်းမြတ်နှင့် မိမိကလေးများကို တွေ့လိုသည့်ဇောဖြင့် “ရတနာပုံ”အိမ်ကြီးတွင် ကျူရှင်ဆရာမ အလိုရှိသည်ဟု သိလိုက်ရသောအခါ ခင်စိန်ကြည်သည် ကျူရှင်ဆရာမအဖြစ်နှင့် “ရတနာပုံ”အိမ်ကြီးသို့ ပြန်ရောက်သွားသည်။ ရုပ်ပျက်ဆင်းပျက် အသံဖျက်ထားသည့်အတွက် မောင်ထွန်းမြတ်၊ မိမိရီနှင့် ကလေးများသည် ခင်စိန်ကြည်ကို မမှတ်မိ။ တူသယောင်သာထင်ကြသည်။

လူကြီးတွေမှ ခံစားတတ်သည်မဟုတ်၊ ကလေးများမှာလည်း ခံစားချက်ရှိသည်။ မလွဲသာ၍ မိခင်နှင့် ကာလအတန်ကြာ ကွဲကွာနေကြရသော်လည်း မိခင်ကိုတမ်းတသည့်စိတ်၊ ခင်စိန်ကြည်၏ ကလေးများရင်ထဲမှာ အမြဲကိန်းအောင်းလျက်ရှိသည်။ မောင်ထွန်းမြတ်နှင့် ခင်စိန်ကြည်တို့ ရခဲ့သည့်ကလေး ဝင်းမာလေး တစ်နေ့ အပြင်းဖျားလေရာ အမျိုးမျိုးကြိုးစားကုသသော်လည်းမရ၊ ခင်စိန်ကြည်၏ လက်ပေါ်တွင် ဆုံးပါးသွားတော့သည်။ ခင်စိန်ကြည်ရှူမတတ် ခံစားလိုက်ရပြီး ဆက်လက်ဟန်ဆောင် ထိန်းချုပ်နိုင်စွမ်း မရှိတော့ချေ။ သို့ဖြစ်၍ မောင်ထွန်းမြတ်၊ မိမိရီနှင့် အိမ်သားအားလုံး ခင်စိန်ကြည်မှန်း သိသွားကြတော့သည်။ သူ၏ သမီး ဝင်းမာလေးနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ခင်စိန်ကြည်မှာလည်း ကြေကွဲစရာတွေ ဆင့်ကာဆင့်ကာ ကြုံလာရသည့်အတွက် အရုပ်ကြိုးပြတ်ဖြစ်ပြီး မောင်ထွန်းမြတ်လက်ပေါ်တွင် ကွယ်လွန်သွားခဲ့သည်။ သဗ္ဗေသတ္တာကံမသကာ၊ သတ္တဝါတစ်ခုကံတစ်ခုလို့ပဲ ဆိုရမည်လား၊ မိုက်ပစ်ဟုပဲ ပြောရမည်လား။ ခင်စိန်ကြည်ဘဝ မလှမပဖြင့် ဇာတ်သိမ်းသွားရရှာသည်။

### ပရိသတ်နှလုံးသားကို လှုပ်ခတ်

ရုပ်ရှင်သည် တကယ်မဟုတ်၊ သဏ္ဍာန်လုပ်သရုပ်ဆောင်နေခြင်းသာ၊ တကယ်မဟုတ်သည်ကိုမှ တကယ်ထင်အောင် ပရိသတ်နှလုံးသားကို ပြင်းပြင်းထန်ထန် လှုပ်ခတ်သွားသည်အထိ စွမ်းဆောင်နိုင်စွမ်းရှိသည့် အနုပညာရှင်များ အစွမ်းအစကိုဖြင့် မချီးကျူးဘဲမနေနိုင်၊ လွန်ခဲ့သော နှစ်ပေါင်း (၆၃)နှစ်က ရိုက်ကူးပြသခဲ့သည့် “ရတနာပုံ” ဇာတ်ကားကို မနေ့တစ်နေ့က ရိုက်ကူးထားသကဲ့သို့ ပြန်လည်ကြည့်ခွင့်ရသည့်အတွက် ပြုစုထိန်းသိမ်းထားသူတို့ကိုလည်း ကျေးဇူးတင်မိသည်။


ထိုဇာတ်ကားဝယ် ဇာတ်ရည်အတက်ဆုံးသော ဇာတ်ဝင်ခန်းများမှာ- ခင်စိန်ကြည်လက်ပေါ်တွင် ဝင်းမာလေး ဆုံးပါးသွားသောအခန်းနှင့် မောင်ထွန်းမြတ်လက်ပေါ်၌ ခင်စိန်ကြည်ကွယ်လွန်သွားသောအခန်းတို့ ဖြစ်သည်။

### ဇာတ်ရှိန်အတက်ဆုံး

ဝင်းမာလေးအပြင်းဖျားနေစဉ် ခင်စိန်ကြည်က ကြင်နာယုယစွာထွေးပွေ့ထားသည်။ သမီးဖြစ်သူက အမေမှန်းမသိ၊ အမေဖြစ်သူကလည်း အမေပါလို့ ဖွင့်မပြောနိုင်တဲ့ဘဝ၊ မိခင်၏ အယုအယကိုင်တွယ်နေသည့် ဝင်းမာလေးက ခင်စိန်ကြည်ကို သူ့ရဲ့ ကျူရှင်ဆရာမလို့ပဲ မှတ်ယူပြီး “ဆရာမ၊ သမီးမနေရတော့လို့ သေသွားခဲ့ပြီး နောင်ဘဝရောက်လို့ အမေနဲ့ ပြန်တွေ့ခဲ့ရင်လေ ဒီအိမ်ကမိသားစုတွေအကြောင်း အမေ့ကိုပြောပြပေးမယ်နော်”လို့ ကယောင်ကတမ်းပြောဆိုပြီး အသက်ထွက်သွားသည့်အခန်း၊ ပရိသတ်အသက်ရှူမှားအောင် ဖမ်းစားနိုင်စွမ်းရှိသည်။ တစ်ဖန် ခင်စိန်ကြည်ကွယ်လွန်ခါနီး မောင်ထွန်းမြတ်က ခင်စိန်ကြည်ကို ယုယကြင်နာစွာ ထွေးပွေ့ထားရင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် “ခင်ရယ် မင်းမျက်နှာပေါ်က ဒဏ်ရာတွေကဆိုးလှပါလား”လို့ ဆို့နင့်ကြေကွဲစွာ ပြောလိုက်တဲ့အခါ ခင်စိန်ကြည်က ကြိုးစားအားတင်းရင်း “မခေါ်ထိုက်တဲ့ပါးစပ်နဲ့ပဲ ခေါ်လိုက်ပါရစေတော့ ကိုထွန်းမြတ်ရယ်၊ ကျွန်မရဲ့ မိုက်ပစ်တွေကို ခွင့်လွှတ်ပါ။ မျက်နှာပေါ်က ဒဏ်ရာတွေက ဘာဟုတ်သေးလဲ၊ ရင်ထဲကဒဏ်ရာတွေက ပိုလို့ဆိုးပါတယ်။ ကိုယ့်လင်သားကိုတွေ့လို့မှ ခေါ်ခွင့်မရတဲ့ အမိုက်မ၊ ကိုယ့်ယောကျ်ားတစ်ပါးသူနဲ့ ပြုံးပျော်ကြည်နူးနေတာကို မြင်နေရလို့ ခံစားရတဲ့ဒုက္ခ၊ သားသမီးတွေကိုတွေ့လို့မှ မိဘတစ်ယောက်အနေနဲ့ ခေါ်ခွင့်မရ၊ ဒီသောကတွေကြောင့် ရတဲ့စိတ်ဒဏ်ရာတွေက မျက်နှာပေါ်က ဒဏ်ရာတွေထက်ဆိုးပါတယ်။ အပြစ်ရှိတဲ့ အမိုက်မ မှားခဲ့သမျှတွေကို ခွင့်လွှတ်ပါ”။ မောင်ထွန်းမြတ် ခင်စိန်ကြည်ရဲ့ စကားကြားလိုက်ရတဲ့အခါ စိတ်ထဲ အတော့်ကို ထိခိုက်သွားပြီး “ခင့်အပေါ် အပြစ်မမြင်ပါဘူး၊ အားလုံးကို ခွင့်လွှတ်ပါတယ်”ဟု ပြန်ဖြေလိုက်လေသည်။ ထိုအခါ ခင်စိန်ကြည်သည် အားယူပြုံးပြရင်း မောင်ထွန်းမြတ်ကို လက်အုပ်ချီ ကန်တော့ကာ ဆုံးပါးသွားတော့သည်။ စာရေးသူရင်ထဲ အထိခိုက်ဆုံးခံစားခဲ့ရသည့်အခန်း၊ ထိုနှစ်ခန်းကို ဇာတ်ကား၏ ဇာတ်ရှိန်အတက်ဆုံး ဇာတ်ဝင်ခန်းများဟု ဆိုချင်ပါသည်။

“ရတနာပုံ” ဇာတ်ကား ကြည့်ရှုရသည်မှာ အချိန် နှစ်နာရီ ကြာမြင့်ခဲ့သော်လည်း တစ်ခန်းပြီး တစ်ခန်း ရိုးအီသွားသည်မရှိ ဇာတ်ကားအစမှ အဆုံးတိုင် ပရိသတ်ကို ဆွဲခေါ်နိုင်စွမ်းရှိသည်။ ကောင်းစေချင်၍ ဝေဖန်ကြသည်မှ အပ နိုင်ငံသားတိုင်း မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည်။ မြန်မာကားကွလို့ ဂုဏ်ယူဝင့်ကြွားလိုကြသည်။ “ရတနာပုံ”ကဲ့သို့သော အဆင့်မြင့်ဇာတ်ကားကောင်းများ၊ မြန်မာ့ရုပ်ရှင်သမိုင်းမှာ များစွာပေါ်ထွက်ခဲ့ဖူးပါသည်။ ကိုယ့်နိုင်ငံအတွင်းမှာ အစွမ်းအစရှိသည့် ရုပ်ရှင်အနုပညာရှင်ပေါင်းများစွာ တည်ရှိနေသည့်အတွက် အရည်အသွေးကို အဓိကထား ကြိုးစားကြလျှင်ဖြင့် “ရတနာပုံ”ကဲ့သို့သော အနှစ်သာရပြည့်ဝသည့် ဇာတ်ကားကောင်းများ ဆက်လက်ထွက်ပေါ်လာမည်မှာ မလွဲဟု ဆိုလိုက်ပါရစေ။ ။

# နာမည်ကျော်ဂိမ်းထုတ်လုပ်သည့်လုပ်ငန်း Razer မှ ပထမဆုံးထုတ်လုပ်သည့် စမတ်ဖုန်းကို နိုဝင်ဘာ ၁ ရက်တွင် စတင်မြင်တွေ့ရဖွယ်ရှိနေ



စမတ်ဖုန်းဂိမ်းများကို ယနေ့အချိန်အထိထုတ်လုပ်လျက်ရှိပြီး အောင်မြင်မှုနှင့် လူငယ်များအကြား ရေပန်းစားလျက်ရှိနေသော Razer သည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် စမတ်ဖုန်းထုတ်လုပ်တော့မည်ဟု အွန်လိုင်း မီဒီယာများတွင် သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း တရားဝင် ကြေညာကာ စမတ်ဖုန်းထုတ်လုပ်ပေးသွားတော့မည်ဖြစ်သည်ဟု သိရသည်။

စမတ်ဖုန်းဖြင့် ဂိမ်းကစားခြင်းကို နှစ်သက်သူများအတွက် အထူးရည်ရွယ်ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး လက်ရှိထွက်ပေါ်နေသည့် နည်းပညာမြင့် စမတ်ဖုန်းများထက် အရည်အသွေးမနိမ့်ကျဘဲ တန်းတူအသုံးပြုနိုင်ရန် ဖန်တီးထုတ်လုပ်ပေးသွားမည်ဟု သိရသည်။ ရုပ်ထွက်အရည်အသွေးပိုင်းနှင့် အသံပိုင်းဆိုင်ရာ စနစ်များအတွက် အခြားစမတ်ဖုန်းနှင့် မတူညီသည့်စနစ်နှင့် လုပ်ဆောင်မှုများထည့်သွင်းပေးထားပြီး ထူးခြားသည့်ခံစားသက်ဝင်မှုများနှင့် အတွေ့အကြုံများပေးစွမ်းသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

မျက်နှာပြင် ၅ ဒသမ ၇ လက်မအကျယ်ဖြင့် ထွက်ပေါ်လာနိုင်ရန်ရှိပြီး 3D ရုပ်ထွက်များအတွက် ပိုမိုကောင်းမွန်သည့် အရည်အသွေးများ ရရှိလာနိုင်မည်ဟုသိရသည်။

RAM ပါဝင်မှု 8 GB အထိ ရှိသောကြောင့် ဂိမ်းကစားသူများအနေဖြင့် မည်သည့်ဂိမ်းမျိုးမဆို ထည့်သွင်း ကစားနိုင်မည်ဖြစ်ကာ ဖုန်းအတွင်း သိုလှောင်သိမ်းဆည်းမှုအတွက် အနိမ့်ဆုံး 64 GB ဖြင့် ထွက်ရှိလာနိုင်မည်ဟု ခန့်မှန်းရပြီး ရုပ်ထွက် အရည်အသွေးပိုင်းအတွက် Qualcomm Adreno 540 ကို အသုံးပြု တပ်ဆင်ပေးထားမည်ဟု သိရသည်။

Android 7.1.1 လည်ပတ်မှုစနစ် ပါဝင်လာနိုင်ဖွယ်ရှိပြီး Qualcomm Snapdragon 835 ပရိုဆက်ဆာ တပ်ဆင်ပါဝင်မည်ဖြစ်ကာ ကင်မရာပိုင်းဆိုင်ရာများမှာ ကျောဘက်ကင်မရာ 12 MP နှင့် အရှေ့ဘက်ကင်မရာ 8 MP ပါဝင်နိုင်မည်ဟုသိရသည်။ ဈေးနှုန်းနှင့် အသေးစိတ်အချက်အလက်များကို အတိအကျကြေညာပေးထားခြင်းမျိုး မရှိသေးဘဲ မိတ်ဆက်ပွဲပြုလုပ်သည့်အချိန်မှ တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဟု သိရသည်။

ALEX

# ဘားအံမြို့တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆွေးနွေး

**ဘားအံ အောက်တိုဘာ ၁၆**

တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရေး၊ စာပေယဉ်ကျေးမှုများ ဖလှယ်နိုင်စေရေး၊ တိုင်းသားလူမျိုးတို့၏ ဓလေ့ ထုံးတမ်းများ၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ဝတ်စားဆင်ယင်မှုများ မပျောက်ပျက်စေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်သွားစေရန်အတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသော ပထမဦးဆုံးအကြိမ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို ဘားအံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တတိယအကြိမ် ညှိနှိုင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အပေါ်ထပ်ရှိ အစည်းအဝေးခန်း၌ ပြုလုပ်ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဒေါ်ခင်စောလင်းက ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြုလုပ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်းတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်များက တိုင်းရင်းသားအလိုက် ယဉ်ကျေးမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

